# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၉၈)




နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများ စည်ကားနေမှုကို တွေ့ရစဉ်။

## ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားများကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❁

| ယနေ့ | မိုးလေဝသ |
| --- | --- |
| နေပြည်တော် | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ |
| ရန်ကုန် | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |
| မန္တလေး | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ |

### ယနေ့ မာတိကာ


ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အသက် ၁၁၈ နှစ်ရှိ အဘွား ဒေါ်ဖာတမာအား သွားရောက်ဂါရဝပြုတွေ့ဆုံ ပြည်တွင်းသတင်း > စာ > ၃

ကမ္ဘာ့ဝါဈေးကွက်ကို ဦးဆောင်လာသည့် ဘရာဇီး ဆောင်းပါး > စာ > ၆

ပညာရေးစနစ်ကို အထောက်အကူပြုသည့် အွန်လိုင်းပညာရေး ဆောင်းပါး > စာ > ၁၆


## ဂျပန်နိုင်ငံတွင် နောက်ဆက်တွဲလှိုင်းများ ဖြစ်ပေါ်နိုင်၍ မြန်မာနိုင်ငံသားများ သတိပြုနေထိုင်ကြရန် မြန်မာသံရုံး အသိပေး

ရန်ကုန် ဇူလိုင် ၂၉

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စု၌ ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၃ ဦးအထိရှိလာပြီး နောက်ဆက်တွဲလှိုင်းများ ဖြစ်ပေါ်နိုင်၍ အနီးပတ်ဝန်းကျင်ဒေသရှိ မြန်မာနိုင်ငံသားများ သက်ဆိုင်ရာ အာဏာပိုင်များ၏ညွှန်ကြားချက်ကို အချိန်နှင့်တစ်ပြေးညီ လိုက်နာကြရန် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကြေညာထားသည်။

Japan Meteorological Agency ၏ ထုတ်ပြန်ချက်အရ ဇူလိုင်လ ၂၈ ရက် ညနေ ၄နာရီ ၂၇ မိနစ်တွင် ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စု၌ ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း၊ Geoscience Australia နှင့် အမေရိကန် မြေငလျင်တိုင်းတာရေးစခန်း(USGS)မှ ထုတ်ပြန်ချက်အရ ပင်လယ်ရေမျက်နှာပြင်အောက် အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါဒေသတွင် နောက်ဆက်တွဲလှိုင်းများ လှုပ်ခတ်လျက်ရှိကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်

ညောင်ဦး ဇူလိုင် ၂၉

ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့ နံနက် ၄ နာရီမှ စတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံ၊ စွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္ဒရာယ်ကင်းပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ကြရန် ရောက်ရှိနေကြပြီး တရားဘာဝနာ

စာမျက်နှာ ၄ ကော်လံ ၁ ❑







## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြန်မာ့အလင်း

## စည်းနှင့်ကမ်းနှင့် အမှိုက်စွန့်ပစ်မှ လူနေမြို့ရွာ သန့်ရှင်းလှပသာယာ

မြန်မာနိုင်ငံတွင် လူတစ်ဦးချင်းစီက နေ့စဉ်ပျမ်းမျှ အမှိုက် ၀ ဒသမ ၃၅ ကီလိုဂရမ်မှ ၀ ဒသမ ၅၃ ကီလိုဂရမ်ဝန်းကျင် စွန့်ပစ်နေကြသည်ဟု မှတ်သားရဖူးသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၀၀၀၀ ကျော် စွန့်ပစ်နေခြင်းဖြစ်ရာ လူတိုင်းက စည်းနှင့်ကမ်းနှင့် စနစ်တကျစွန့်ပစ်ကြမှသာ လူနေရပ်ရွာတို့ သန့်ရှင်းသပ်ရပ်သာယာလှပနိုင်မည် ဖြစ်သည်။

မကြာသေးမီကသတင်းများအရ ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့နှင့် ပတ်ဝန်းကျင်ရှိ ခရီးသွားဧည့်သည်များ ဆွဲဆောင်ရာနေရာများတွင် လာရောက်လည်ပတ်ကြသူများ စည်းကမ်းမဲ့စွာပစ်သွားကြသည့်အမှိုက်များကို ဒေသခံဝန်ထမ်းများနှင့် ပြည်သူများက အပတ်စဉ်ရှင်းလင်းနေကြရကြောင်းသိရှိရသည်။ အခြားမြို့ရွာဒေသများတွင်လည်း အမှိုက်ပြဿနာများ ရှိနေကြသည်ကို တွေ့ရှိနိုင်ရာ အမှိုက်များ လက်လွတ်စပယ်၊ အလွယ်တကူပစ်တတ်ကြသည့်စရိုက်များကို ပြုပြင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ခရီးသွားအများအပြား လာတတ်ကြသည့်နေရာများတွင် အမှိုက်ကို စနစ်တကျပစ်ရန် သတိပေးခြင်း၊ အမှိုက်ပုံး၊ အမှိုက်ကန်များ စနစ်တကျချထားပေးခြင်း၊ စည်းကမ်းဖောက်ဖျက်မှုကို ချက်ချင်းအရေးယူခြင်းနည်းလမ်းများဖြင့် ထိန်းကျောင်းသွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသူနိုင်ငံသားတို့ နေ့စဉ်အမှိုက်ပစ်ကြသည့်နှုန်းကို ဒေသခွဲခြားကြည့်ပါက လူတစ်ဦးချင်းစီနှိုင်းယှဉ်လျှင် ကျေးလက်ဒေသတွင် ၀ ဒသမ ၂၂ ကီလိုဂရမ်မှ ၀ ဒသမ ၃၇ ကီလိုဂရမ်အထိ ပစ်ကြပြီး မြို့ပြဒေသတွင် ၀ ဒသမ ၇၃ ကီလိုဂရမ်မှ ၀ ဒသမ ၉၁ ကီလိုဂရမ်အထိ စွန့်ပစ်ကြသည်ဟုဆိုသည်။ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် ၀ ဒသမ ၈ ကီလိုဂရမ်ဝန်းကျင် စွန့်ပစ်ကြရာ မြို့သူမြို့သားတို့က အမှိုက်ပိုထွက်ကြသည့် သဘောပင်ဖြစ်သည်။ ရန်ကုန်တစ်မြို့လုံးမှ နေ့စဉ်အမှိုက်တန်ချိန် ၂၅၀၀ ကျော်၊ မန္တလေးတစ်မြို့လုံးမှ နေ့စဉ်အမှိုက်တန်ချိန် ၁၀၀၀ ကျော် ထွက်ရှိနေခြင်းဖြစ်ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီး သုံးမြို့မှထွက်ရှိသည့် အမှိုက်ပမာဏစုစုပေါင်းလျှင် တစ်နိုင်ငံလုံးမှထွက်သည့် အမှိုက်များ၏ ထက်ဝက်နီးပါးရှိနေသည်။

နေ့စဉ်ထွက်ရှိနေသည့်အမှိုက်များမှာ မီးဖိုချောင်ထွက်အမှိုက် (organic) က အများဆုံးဖြစ်ပြီး အမှိုက်အားလုံး၏ ၅၄ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းကျော်ရှိသည်။ ထို့နောက်တွင် ပလတ်စတစ်က ၁၀ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်း၊ စက္ကူနှင့်ကတ်ထူများက ၄ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်း၊ ဖန်၊ သတ္တုနှင့် အခြားအမှိုက်များက ၁၀ ရာခိုင်နှုန်းဖြစ်ရာ ဆွေးမြည့်လွယ်သော organic အမှိုက်များကို ခွဲခြားစွန့်ပစ်နိုင်လျှင်ပင် အမှိုက်ပမာဏထက်ဝက်ကျော်မှသည် သုံးပုံနှစ်ပုံခန့်အထိ လျော့ကျသွားနိုင်မည်ဖြစ်သည်။

အမှိုက်ပုံးများ၊ အမှိုက်ကန်များအပါအဝင် အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများသို့ ရောက်မသွားဘဲ နောက်ဖေးလမ်းကြားများ၊ ရေနုတ်မြောင်းများ၊ လူသွားစင်္ကြံများနှင့် လမ်းဘေးများတွင် စုပုံစွန့်ပစ်ထားသည့် အမှိုက်များက ခြင်၊ ယင်၊ ကြွက်နှင့် ပိုးမွှားပေါင်းစုံတို့ ခိုအောင်းရာ၊ ပေါက်ပွားရာနေရာများဖြစ်လာပြီး ပတ်ဝန်းကျင်ရှိ လူများ၏ကျန်းမာရေးကိုထိခိုက်စေသည်။ ရေစီးရေလာကို ပိတ်ဆို့စေပြီး ရေဆိုးများနှင့် အနံ့ဆိုးများဖြစ်ပေါ်စေသလို မိုးရွာသည်နှင့် ရေလျှံမှုကို ဖြစ်ပေါ်စေသည်။ ရေဆိုးများက ရေပိုက်များနှင့် ရေတွင်း၊ ရေကန်များအတွင်း စိမ့်ဝင်ပါက သောက်သုံးရေကို ညစ်ညမ်းစေသည်။

ထို့အပြင် ရေသန့်ဘူး၊ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်ဘူး၊ ခွက်များ၊ အအေးပိုက်များ၊ ဖော့ဘူးခွံများ စသည့်ပလတ်စတစ်ညစ်ညမ်းမှုမှာလည်း မိမိတို့နိုင်ငံတွင်ရော အခြားနိုင်ငံများ၌ပါ ကမ္ဘာလုံးဆိုင်ရာ ညစ်ညမ်းမှုပြဿနာဖြစ်သည်။ အလွယ်တကူစွန့်ပစ်လိုက်သည့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများထဲတွင် တွေ့မြင်နိုင်ပြီး ၎င်းတို့မှာ ပင်လယ်သမုဒ္ဒရာများဆီသို့ ရောက်ရှိသွားကြသည်။ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်သည် ကမ္ဘာပေါ်တွင် နဝမမြောက်အညစ်ညမ်းဆုံးမြစ်ဖြစ်ကြောင်း၊ နေ့စဉ်အမှိုက် ၁၁၉ တန် မြစ်ထဲမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်နေကြောင်း လေ့လာမှုအချို့တွင် ဖော်ပြထားရာ မြစ်ကမ်းနံဘေး မြို့ရွာများတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ကို အမှိုက်စွန့်ပစ်စရာနေရာအဖြစ် အသုံးမပြုဘဲ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများနှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ၊ တားဆီးဆော်ဩမှုများမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့်တိုင် အကျင့်ဆိုးများကို မပြင်နိုင်ကြသေးသည်ကို တွေ့မြင်နေရပြီး အနာဂတ်တွင်လည်း ပြင်နိုင်ဖွယ်မမြင်သည့်အလျောက် ဒေသအလိုက် စည်ပင်သာယာရေးဥပဒေ၊ ဒေသန္တရဥပဒေများဖြင့် စည်းကမ်းကြပ်မတ်ကြရမည်ဖြစ်သည်။ အထူးသန့်ရှင်းသပ်ရပ်သည့် နိုင်ငံများ၊ မြို့များဆိုသည်မှာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပြီး ထိရောက်စွာအရေးယူမှုများဖြင့် ထိန်းကျောင်းထားခြင်းသာဖြစ်ရာ တစ်မျိုးသားလုံး စည်းကမ်းတကျ အမှိုက်စွန့်ကြရန် အလေ့အကျင့်ပြုကြရပါမည့်အကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026

DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

### ၂၉-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ငလျင်အကြောင်း လက်တွေ့သင်ယူနိုင်မည့် Earthquake Bootcamp 2026 ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ငလျင်အကြောင်းပိုမိုသိရှိပြီး အရေးပေါ်အခြေအနေတွင် မှန်ကန်စွာ တုံ့ပြန်နိုင်ရန် လက်တွေ့လေ့ကျင့်သင်ယူနိုင်မည့် Earthquake Bootcamp 2026 ကို ဩဂုတ်လတွင် မြန်မာနိုင်ငံငလျင်ကော်မတီမှ ဦးစီးကျင်းပသွားမည်ဟု သိရသည်။ Earthquake Bootcamp 2026 ကိုဩဂုတ် ၈ ရက်၊ ၁၅ ရက်၊ ၂၂ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာနိုင်ငံငလျင်ကော်မတီ (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်) လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံငလျင်ကော်မတီမှ ဦးစီးကျင်းပသော ဤ Bootcamp အတွင်း မြေငလျင်အသိပညာ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အပြန်အလှန်ဆွေးနွေး၍ အတွေ့အကြုံနှင့်အသိပညာများကို သင်ယူလိုသူများ အသက်အရွယ်အကန့်အသတ်မရှိ လျှောက်ထားနိုင်ပြီး ယခင်အတွေ့အကြုံရှိရန် မလိုအပ်ကြောင်းသိရသည်။ ငလျင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ ကြိုတင်ပြင်ဆင်နိုင်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုစွမ်းရည်များကို မြှင့်တင်လိုသူ လူငယ်များအတွက် Earthquake Bootcamp 2026 သို့ ပါဝင်ရန်ဖိတ်ခေါ်ထားပြီး စိတ်ဝင်စားသူလူငယ်များအားလုံး (https://forms.gle/deo4vo3w8XtdC8Em6) registration link တွင် စာရင်းပေးနိုင်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီမှသိရသည်။ MT

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၇ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၈၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၈၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၈၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၈၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၈၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၈၅ | ၄၄၈၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၈၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၈၅ | ၄၄၈၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper Qr

## ညီညွတ်ရေးက အရေးကြီး

**“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြည်တွင်း၌ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တိုက်တွန်းမှာကြား

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်တွင်း၌ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက (Public – Private Partnership – PPP) ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ် တိုက်တွန်းမှာကြားခဲ့သည်။

ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပုဂ္ဂလိကလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းဝယ်ဖောက်ကားမှု မျှခြေဖြစ်အောင် ဆောင်ရွက်ပေးရန်၊ ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ လိုအပ်သော ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရန်၊ ပုဂ္ဂလိကမှ ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် လုပ်ငန်းများ၏ လိုအပ်ချက်များကို ထိရောက်စွာ ကူညီဖြည့်ဆည်းနိုင်ရေးအတွက် စက်ရုံအရောက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးရန်လည်း မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။

**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းတွင်လည်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဝန်ကြီးဌာနက Win & Win Co., Ltd. သို့ ငှားရမ်းထားရှိသည့် စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ) တို့မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံဆွေးနွေးပြီး စက်ရုံများအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးမှုများ၊ ပေါက်ကွဲမှုများနှင့် မီးလောင်ကျွမ်းမှုများရှိပြီး ဇူလိုင် ၂၉ ရက် နံနက်ပိုင်းသတင်းများအရ လူ ၁၃ ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း သတင်းများအရ သိရသည်။

**လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိ**

အဝေးပြေးလမ်းမကြီးများအပါအဝင် အဓိကလမ်းမကြီးများတွင် အက်ကြောင်းများဖြစ်ပေါ်ပြီး ရထားပြေးဆွဲမှုများနှင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားကြောင်း၊ ကူမာမိုတိုစီရင်စုအတွင်း အိမ်ထောင်စုပေါင်း ၄၈၃၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**သတင်းအချက်အလက်များကို အနီးကပ်စောင့်ကြည့်**

သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံ ကူမာမိုတိုနှင့်အနီးပတ်ဝန်းကျင်ဒေသရှိ မြန်မာနိုင်ငံသားများအနေဖြင့် နောက်ဆက်တွဲလျင်များဖြစ်ပေါ်နိုင်သည့်အတွက် သတိရှိကြရန်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်များမှ ဒေသဆိုင်ရာအာဏာပိုင်များနှင့် Japan Meteorological Agency မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များကို အနီးကပ်စောင့်ကြည့်၍ ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြပါရန်၊ သက်ဆိုင်ရာအာဏာပိုင်များ၏ ညွှန်ကြားချက်ကို အချိန်နှင့်တစ်ပြေးညီလိုက်နာကြရန် အသိပေးထားသည်။ ယခုသတိပေးကြေညာချက်အား မိမိနှင့်နီးစပ်ရာ မြန်မာနိုင်ငံသားများထံ ဖြန့်ဝေအသိပေးနိုင်ပါရန်လည်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ မေတ္တာရပ်ခံထားသည်။

**MT**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အသက် ၁၁၈ နှစ်ရှိ အဘွား ဒေါ်ဖာတမာအား သွားရောက်ဂါရဝပြုတွေ့ဆုံ

**တောင်ငူ ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှမြို့ အမှတ်(၅)ရပ်ကွက်၌ နေထိုင်လျက်ရှိသော အသက် ၁၁၈ နှစ်ရှိ အဘွား ဒေါ်ဖာတမာအား ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက သွားရောက်ဂါရဝပြုတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



အဆိုပါ အဘွား ဒေါ်ဖာတမာ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သက်သေခံကတ်ပြားတို့တွင် မှတ်တမ်းတင်ထားသည့် မွေးသက္ကရာဇ်မှာ ၂၃-၂-၁၉၀၉ ရက်ဖြစ်ပြီး အဘ ဦးနဘာအာလီနှင့် မိခင်ဒေါ်အမာတို့က ရေတာရှည်မြို့နယ် သာဂရမြို့ ငါးခုံးမချောင်းကျေးရွာ၌ မွေးဖွားပေးခဲ့ကြသည်။

အဘွားဒေါ်ဖာတမာအား ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အသက် ၁၀၀ ပြည့်ကြောင်း ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို နိုင်ငံတော်သမ္မတက (၂၃-၇-၂၀၁၅)ရက်တွင် ပေးအပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ ရေတာရှည်မြို့နယ် မြို့လှမြို့ ချောင်းမကြီး (၂) ရပ်ကွက်တွင် နေထိုင်လျက်ရှိပြီး မြေး ၄၈ ဦး၊ မြစ် ၈၄ ဦး၊ တီ ၁၈ ဦးရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပြင်စာရင်းများအရ တောင်ငူခရိုင်အတွင်း၌ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားဦးရေ ၅၉ ဦးရှိခဲ့ရာမှ ၂၀၂၆ ခုနှစ် ဇွန်လတွင် တောင်ငူခရိုင်အတွင်း အသက် ၁၀၀ နှစ်နှင့် အထက် ဘိုးဘွား ၄၂ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**





# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား (၁၈) ကြိမ်မြောက် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စေတီတော် ရင်ပြင်တော်ပေါ်ရှိ စေတီတော်လိုဏ်အတွင်း ကျင်းပသည်။

ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲတွင် အရှေ့အရပ်ရှိမဟာမဏိမယဂေါတမဗုဒ္ဓပဋိတဗုဒ္ဓ ရုပ်ပွားတော်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း**(အပေါ်ပုံ)**၊ တောင်အရပ်ရှိကကုသန္ဓဗုဒ္ဓရုပ်ပွားတော်ကို နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက လည်းကောင်း၊ အနောက်အရပ်ရှိ ကောဏာဂမနဗုဒ္ဓရုပ်ပွားတော်ကို ဒုတိယဝန်ကြီး ဦးလင်းအောင်က လည်းကောင်း၊ မြောက်အရပ်ရှိကဿပဗုဒ္ဓရုပ်ပွားတော်ကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ဆွမ်း၊ သစ်သီး၊ ပန်းနှင့် ရေချမ်းတို့ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ရှေ့ဖုံးမှ*

ပွားများခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများဆောင်ရွက်ကြသည်။

ယနေ့ ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ၊ အငှားလိုက်သူများ၊ ပြည်တွင်း ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်များ ကောင်းကြကာ ဘုရား၊ ပုထိုး၊ စေတီများတွင် ခရီးသွားဘုရားဖူးများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့်ဆေးသင်္ကန်းကပ်လှူ ပြီးစီး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုအခါ လုံးတော်ပြည့်ရောင်တော်ဖွင့်ဆေးသင်္ကန်း ဒုတိယအကြိမ် ကပ်လှူပြီးစီးပြီဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ အာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သံဃာတော်အရှင်သူမြတ်တို့က အခမ်းအနားအစီအစဉ်အတိုင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော်၊ သံဃာတော်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

**သတင်းစဉ်**



❁ *ရှေ့ဖုံးမှ*

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့ပြီး ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်ကိုရွတ်ဆိုပူဇော်ခြင်း၊ သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် ဝါဆိုလပြည့်အခါသမယတွင် ကုသိုလ်ကောင်းမှုပြုကြသည်။



ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

**အေးချမ်းစွာကုသိုလ်ပြု**

အလားတူ နေပြည်တော်ရှိ အခြားဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် မိသားစုလိုက်၊ အစုအဖွဲ့လိုက် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် အေးချမ်းစွာ ကုသိုလ်ပြုကြသည်။

ယနေ့ ဝါဆိုလပြည့်နေ့သည် အများပြည်သူရုံးပိတ်ရက်လည်းဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အထင်ကရ အပန်းဖြေအနားယူရာ နေရာများတွင် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အနားယူအပန်းဖြေကြသည့် ပြည်သူများအား တွေ့ရသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ရန်ကုန် ဇူလိုင် ၂၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများတွင် ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှု ပြုကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့သည်။

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများအဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲ၊ ရွှေကြာသကင်္န်း လှည့်လည်ပူဇော်ပွဲ၊ သီလခံယူပွဲတို့ကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက် ၅ နာရီမှ စတင်ကာ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများတွင် ကျင်းပခဲ့သည်။

အခမ်းအနားများကို ဘုရားဖူးပြည်သူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများလည်း တက်ရောက်ကြည်ညိုပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ၊ ဝါဆိုရွှေကြာသကင်္န်းတော်များ၊ အလှူတော်ငွေများ ကပ်လှူပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ ဆူးလေစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် တိလောကဥဿျောင်မုနိရာဇအောင်မြေ သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်) တို့တွင်လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ သြဝါဒါစရိယဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဝါတွင်းကာလသီလခံယူခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေးခြင်းတို့ အပါအဝင် ကုသိုလ်ပြုအစီအစဉ်များကို ဆောင်ရွက်ကြပြီး ပြည်သူများက အေးချမ်းစွာ ကုသိုလ်ပြုပါဝင်ခဲ့ကြသည်။



ထို့ပြင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ဘုရားစေတီများကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြသည့်အတွက် ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

**သတင်း-ခတ်ပုံ**

**ဇော်မင်းလတ်-MNA**



## ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) တွင် တောင်ကြီးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**တောင်ကြီး ဇူလိုင် ၂၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ဘုရားစေတီများတွင် ယနေ့ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးတို့တွင် ဒေသခံပြည်သူများအပြင် ရပ်ဝေးမှ ဘုရားဖူးပြည်သူများစွာ လာရောက်ကြသည့်အတွက် ပိုမိုစည်ကားခဲ့သည်။

ထို့အပြင် မြစိမ်းတောင်ဘုရားနှင့် ဘုန်းကြီးကျောင်းများ၊ ဓမ္မရိပ်သာများတွင် သီလခံယူ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားခြင်းတို့ဖြင့် ပြည်သူများသည် အေးချမ်းစွာ ကုသိုလ်ပြုကြသည်ကို တွေ့ရှိရသည်။

**ထက်ဝေ(ပြန်/ဆက်)**

## ရာသီဥတုအကြောင်းပြ ကမ်းနီးဒေသအတွင်း ငါးပုစွန်ဖမ်းဆီးပါက အရေးယူမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကမ္ဘာ့ဝါဈေးကွက်ကို ဦးဆောင်လာသည့် ဘရာဇီး

ကိုပြည့်

**ကမ္ဘာ့ဝါဈေးကွက်၏ ခေါင်းဆောင်သစ်**

ဘရာဇီးနိုင်ငံသည် ယခုအခါ ကမ္ဘာ့ဝါဈေးကွက်တွင် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်လာပြီး ဈေးကွက်ကို ဦးဆောင်လျက်ရှိသည်။ ဘရာဇီးသည် အားကစားကဏ္ဍတွင်သာမက စိုက်ပျိုးရေးနှင့် စီးပွားရေးကဏ္ဍများတွင်ပါ နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရရှိနေပြီဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ဝါကဏ္ဍသည် လျင်မြန်စွာ တိုးတက်လာခဲ့ပြီး ယခုအခါ ကမ္ဘာ့အကြီးဆုံး ဝါတင်ပို့သူအဖြစ် တရားဝင်ရပ်တည်လာနိုင်ခဲ့သည်။ အရည်အသွေးမြင့်မားသောဝါများကို အမြောက်အမြား ထုတ်လုပ်နိုင်စွမ်းရှိခြင်းက ဤသို့ဦးဆောင်နိုင်ရန် အဓိကမောင်းနှင်အားဖြစ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ အထည်အလိပ်လုပ်ငန်းများသည် ဘရာဇီးဝါဂွမ်းကို ပိုမိုအားထားရွေးချယ်လာကြသည်။ ဤပြောင်းလဲမှုသည် ကမ္ဘာ့ကုန်သွယ်ရေးမြေပုံတွင် ဘရာဇီး၏ လွှမ်းမိုးနိုင်စွမ်းကို ထင်ရှားစွာပြသနေပါသည်။

ကမ္ဘာ့ဝါဂွမ်းတင်ပို့မှုသမိုင်းတွင် အမေရိကန်နှင့် ဩစတြေးလျတို့က အစဉ်အလာအားဖြင့် ထိပ်တန်းနေရာများကို ရယူထားခဲ့ကြသည်။ သို့သော် ဘရာဇီးသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ၎င်း၏ ထုတ်လုပ်မှုစွမ်းအားကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်ခဲ့သည်။ ဘရာဇီးသည် ၂၀၂၄ ခုနှစ်မှစတင်ကာ အမေရိကန်နိုင်ငံကို ကျော်ဖြတ်ပြီး တင်ပို့မှုအဆင့် တစ်နေရာကို အောင်မြင်စွာ ရယူနိုင်ခဲ့သည်။

အမေရိကန်တွင် ရာသီဥတုဖောက်ပြန်မှုများနှင့် သီးနှံစွန့်ပစ်မှုနှုန်းများပြားခြင်းကလည်း ဘရာဇီးအတွက်ဈေးကွက်နေရာပိုရစေခဲ့သည်။ ဩစတြေးလျဝါသည် အရည်အသွေးကောင်းမွန်သော်လည်း စိုက်ပျိုးမြေအကန့်အသတ်ရှိသဖြင့် ဘရာဇီး၏ ထုတ်လုပ်မှုပမာဏကို မယှဉ်ပြိုင်နိုင်ပါ။ ထို့ကြောင့် ဘရာဇီးသည် ကမ္ဘာ့ဝါဂွမ်းတင်ပို့မှုကဏ္ဍတွင် ပြိုင်ဘက်ကင်းခေါင်းဆောင်အဖြစ် အခိုင်အမာ နေရာယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဝါဂွမ်းဝယ်လိုအား၏ အဓိကမောင်းနှင်အားမှာ အာရှတိုက်ရှိ အထည်အလိပ်ထုတ်လုပ်ရေး စက်ရုံကြီးများဖြစ်သည်။ အထူးသဖြင့် ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့က ဝါဂွမ်း အများဆုံးတင်သွင်းသည့် နိုင်ငံများအဖြစ် ထိပ်တန်းစာရင်းတွင် အသီးသီးရပ်တည်နေကြသည်။ တရုတ်နိုင်ငံသည် ပြည်တွင်း၌ ဝါဂွမ်းအများအပြားထုတ်လုပ်သော်လည်း လိုအပ်ချက်မြင့်မားလွန်းသဖြင့် ပြည်ပမှ အများအပြားတင်သွင်းနေရဆဲဖြစ်သည်။ ယခင်က အမေရိကန်ဝါဂွမ်းကို အဓိကထားဝယ်ယူခဲ့ကြသော်လည်း ယခုအခါ ဘရာဇီးဝါဂွမ်းအပေါ် ပိုမိုမှီခိုလာကြသည်။ ဘရာဇီး၏ဝါဂွမ်း၏ တည်ငြိမ်သောဈေးနှုန်းနှင့် အရည်အသွေးကြောင့် အာရှဈေးကွက်၏ ယုံကြည်မှုကို အပြည့်အဝရရှိထားသည်။ ဤအာရှနိုင်ငံများ၏ ကြီးမားသောဝယ်လိုအားကပင် ဘရာဇီး၏ဝါဂွမ်းတင်ပို့မှုကဏ္ဍကို အဓိက ပံ့ပိုးပေးလျက်ရှိပါသည်။

ဘရာဇီး၏ ဝါဂွမ်းတင်ပို့မှု ကိန်းဂဏန်းအချက်အလက်များသည် နှစ်စဉ်ဆက်တိုက် စံချိန်တင် မြင့်တက်လျက်ရှိသည်။ Cotton Brazil ၏ တရားဝင်ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ဩဂုတ်လမှ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တင်ပို့မှုပမာဏ အလွန်မြင့်မားခဲ့သည်။ အဆိုပါကာလအတွင်း ဘရာဇီးသည် စုစုပေါင်း ဝါဂွမ်းတန်ချိန် ၃ ဒသမ ၂၁၉ သန်းအထိ စံချိန်တင်တင်ပို့နိုင်ခဲ့သည်။ ဤပမာဏသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်တွင် ဒုတိယလိုက်နေသော အမေရိကန်၏ခန့်မှန်းတင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၆၅၆ သန်းခန့်သာရှိခဲ့သည်။ ထို့ကြောင့် ဤခိုင်လုံသော ကိန်းဂဏန်းများက ဘရာဇီး၏ ဈေးကွက်လွှမ်းမိုးနိုင်စွမ်းကို သက်သေပြနေပါသည်။

**အဓိကအားသာချက်များနှင့် မဟာဗျူဟာမြောက် ထုတ်လုပ်မှု**

ဘရာဇီးဝါဂွမ်းသည် ကမ္ဘာ့ဈေးကွက်တွင် အခြားနိုင်ငံများထက်သာလွန်သော အဓိကအားသာချက်များစွာကို ပိုင်ဆိုင်ထားသည်။ ပထမဆုံးအနေဖြင့် ကျယ်ဝန်းသောစိုက်ပျိုးမြေများကြောင့် နှစ်စဉ်ကြီးမားသော ထုတ်လုပ်နိုင်စွမ်းကို ရရှိထားသည်။ ထို့အပြင် ဆည်ရေသွင်းစိုက်ပျိုးရန် မလိုဘဲ သဘာဝမိုးရေကို အဓိကထားသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေသည်။ ကုန်ကျစရိတ်သက်သာမှုက နိုင်ငံတကာဈေးကွက်တွင် အခြားပြိုင်ဘက်များထက် ဈေးနှုန်းပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေသည်။ အရည်အသွေးပိုင်းတွင်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်သဖြင့် ဝယ်လက်များ၏သဘောကျမှုကို ရရှိထားသည်။ ဤအချက်များကြောင့် နိုင်ငံတကာဝယ်လက်များနှင့် ခိုင်မာသော ရေရှည်ဆက်ဆံရေးကို အောင်မြင်စွာ တည်ဆောက်ထားနိုင်ခြင်းဖြစ်သည်။

ဘရာဇီးဝါဂွမ်းအား နိုင်ငံတကာတွင် ထိရောက်စွာမြှင့်တင်နိုင်ရန် Cotton Brazil အမည်ရသော အစီအစဉ်ကို တည်ထောင်ထားသည်။ ဤအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဘရာဇီးဝါဂွမ်း၏ အရည်အသွေးနှင့်ပုံရိပ်ကို ကမ္ဘာတစ်ဝန်းက သိရှိလာစေရန်ဖြစ်သည်။ ထို့အပြင် ဝါဂွမ်း၏ ရေရှည်တည်တံ့မှု၊ ခြေရာခံနိုင်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို နိုင်ငံတကာဈေးကွက်သို့ ချပြလျက်ရှိသည်။ ဤအဖွဲ့အစည်းသည် အာရှနိုင်ငံများအပါအဝင် အဓိကတင်သွင်းသည့် နိုင်ငံများရှိ အထည်အလိပ်လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည်။ ဝယ်လက်များ၏ လိုအပ်ချက်များကို နားထောင်ပြီး အရည်အသွေးပိုမိုကောင်းမွန်စေရန်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ Cotton Brazil ၏ မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များကြောင့် ဘရာဇီးဝါဂွမ်း၏ ဂုဏ်သတင်းမှာ ပိုမိုကျော်ကြားလာခဲ့သည်။

ဘရာဇီးနိုင်ငံ၏ ဝါအများဆုံးထုတ်လုပ်သည့် အဓိကဒေသကြီးနှစ်ခုမှာ မာတိုဂရိုဆိုနှင့် ဗဟီးယားတို့ဖြစ်သည်။ မာတိုဂရိုဆိုပြည်နယ်သည် တစ်နိုင်ငံလုံး ဝါထုတ်လုပ်မှု၏ ၆၇ ရာခိုင်နှုန်းခန့်ကို တာဝန်ယူထုတ်လုပ်ပေးနေသည်။ အရှေ့မြောက်ပိုင်းရှိ မာတိုပီဘာဒေသသည်လည်း စုစုပေါင်း ထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ဤဒေသများက ဝါစိုက်ပျိုးရန်အတွက် အလွန်သင့်လျော်သော ရာသီဥတုနှင့် မြေဆီလွှာကို ပိုင်ဆိုင်ထားကြသည်။ စိုက်ပျိုးရေးစနစ်အနေဖြင့် ပဲပုပ်ကဲ့သို့သော သီးနှံများနှင့် သီးညှပ်စိုက်ပျိုးခြင်းစနစ်ကို အများဆုံးအသုံးပြုကြသည်။ ဤသီးညှပ်စိုက်ပျိုးခြင်းက မြေဆီလွှာဖွံ့ဖြိုးမှုကို အထောက်အကူပြုပြီး အထွက်နှုန်းကို ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။

**ခေတ်မီနည်းပညာ၊ အရည်အသွေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး**

ဘရာဇီး၏ ဝါကဏ္ဍတွင် ခေတ်မီစိုက်ပျိုးရိတ်သိမ်းမှုနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်။ အထူးခြားဆုံးအချက်မှာ ဝါများကို လူအင်အားဖြင့် ခူးဆွတ်ခြင်းမပြုဘဲ ၁၀၀ ရာခိုင်နှုန်း စက်ယန္တရားများဖြင့်သာ ခူးဆွတ်ခြင်းဖြစ်သည်။ ဤသို့စက်များဖြင့် ခူးဆွတ်ခြင်းကြောင့် အချိန်ကုန်သက်သာပြီး လုပ်ငန်းခွင်ထိရောက်မှုကို အမြင့်ဆုံးရရှိစေသည်။ ထို့အပြင် ဝါများရိတ်သိမ်းရာတွင် အမှိုက်သရိုက်ပါဝင်မှုကို လျှော့ချရန်အတွက် စနစ်ကျသော ဖြစ်စဉ်များကို အသုံးပြုကြသည်။ ရိတ်သိမ်းပြီးသော ဝါများကိုလည်း စနစ်တကျသိမ်းဆည်းကာ အရည်အသွေး မကျဆင်းစေရန် ဂရုတစိုက် ကိုင်တွယ်ကြသည်။ ဤခေတ်မီနည်းစနစ်များက ဘရာဇီးဝါဂွမ်း၏ ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးကို တစ်ဟုန်ထိုး တက်လာစေခဲ့သည်။

ဘရာဇီးသည် ဝယ်လက်များ၏ ယုံကြည်မှုကို ရယူနိုင်ရန်အတွက် အရည်အသွေးစစ်ဆေးမှုစနစ်ကို တင်းကျပ်စွာကျင့်သုံးလျက်ရှိသည်။ ထွက်ရှိလာသော ဝါဂွမ်းဘေထုပ်တိုင်းကို HVI (High Volume Instrument) ခေါ် အဆင့်မြင့်စက်ကိရိယာများဖြင့် ၁၀၀ ရာခိုင်နှုန်းစစ်ဆေးကြသည်။ ဤစက်များက ဝါဂွမ်း၏ အမျှင်အရှည်၊ ခိုင်ခံ့မှု၊ အရောင်နှင့် သန့်စင်မှုအစရှိသော အချက်အလက်များကို တိကျစွာဖော်ပြပေးသည်။ စစ်ဆေးရရှိလာသော အရည်အသွေး သတ်မှတ်ချက်များကို ဝယ်ယူမည့်သူများထံသို့ ပွင့်လင်းမြင်သာစွာ ချပြထားသည်။ ဝယ်လက်များသည် အဆိုပါအချက်အလက်များကို ဝက်ဘ်ဆိုက်များမှတစ်ဆင့် အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ကြသည်။ ဤသို့ ခေတ်မီစစ်ဆေးမှုစနစ်များကြောင့် ဘရာဇီးဝါဂွမ်းသည် ကမ္ဘာ့အဆင့်မီ အရည်အသွေးအဖြစ် အသိအမှတ်ပြုခံထားရသည်။

> "ဘရာဇီး၏ ဝါဂွမ်းတင်ပို့မှု ကိန်းဂဏန်းအချက်အလက်များသည် နှစ်စဉ်ဆက်တိုက် စံချိန်တင် မြင့်တက်လျက်ရှိသည်။ Cotton Brazil ၏ တရားဝင်ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ဩဂုတ်လမှ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တင်ပို့မှုပမာဏ အလွန်မြင့်မားခဲ့သည်။ အဆိုပါကာလအတွင်း ဘရာဇီးသည် စုစုပေါင်း ဝါဂွမ်းတန်ချိန် ၃ ဒသမ ၂၁၉ သန်းအထိ စံချိန်တင်တင်ပို့နိုင်ခဲ့သည်။ ဤပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ခြင်းဖြစ်"

ဘရာဇီးဝါလုပ်ငန်း၏ နောက်ထပ်ဂုဏ်ယူစရာကောင်းသော နည်းပညာတစ်ခုမှာ အတိအကျ ခြေရာခံနိုင်သော စနစ်ဖြစ်သည်။ ဝါဂွမ်းဘေထုပ်တိုင်းတွင် သီးသန့်နံပါတ်များပါဝင်သည့် Bale ID Tag များ တပ်ဆင်၍ သတင်းအချက်အလက်များကို မှတ်တမ်းတင်ထားသည်။ ဝယ်လက်များသည် ဤစနစ်ကြောင့် မိမိတို့ဝယ်ယူထားသော ဝါကို မည်သည့်စိုက်ခင်းမှထွက်ရှိကြောင်း အလွယ်တကူ သိရှိနိုင်သည်။ ထို့အပြင် ဝါဂွမ်းကြိတ်ခွဲသည့် စက်ရုံမှသည် ဆိပ်ကမ်းသို့ ရောက်ရှိသည်အထိ အဆင့်တိုင်းကို တိကျစွာခြေရာခံနိုင်သည်။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများကလည်း ဤခြေရာခံစနစ် မှန်ကန်မှု ရှိ မရှိကို အမြဲတမ်း ကြီးကြပ်စစ်ဆေးပေးလျက်ရှိသည်။ ဤခြေရာခံနိုင်မှု နည်းပညာသည် နိုင်ငံတကာကုန်အမှတ်တံဆိပ်ကြီးများ၏ တောင်းဆိုချက်နှင့် အလွန်ကိုက်ညီမှုရှိသည်။

ယနေ့ခေတ် ကမ္ဘာ့ဈေးကွက်တွင် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုသည့်အချက်မှာ ကုန်သွယ်မှုအတွက် အလွန်အရေးပါလာခဲ့သည်။ ဘရာဇီးတောင်သူများက ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန်နှင့် လုပ်ငန်းခွင်ဘေးကင်းစေရန် အထူးဂရုပြုစိုက်ပျိုးကြသည်။ ထို့ကြောင့် ဘရာဇီးဝါဂွမ်းများစွာသည် ပြည်တွင်းအသိအမှတ်ပြု ABR (Algodao Brasileiro Responsavel) လက်မှတ်များကို အောင်မြင်စွာ ရရှိထားကြသည်။ ထို့အပြင် နိုင်ငံတကာက အသိအမှတ်ပြုထားသော BCI ကဲ့သို့သော ရေရှည်တည်တံ့မှုဆိုင်ရာ လက်မှတ်များကိုလည်း ရရှိထားသည်။ ဤသို့ လက်မှတ်များရရှိထားခြင်းက ဥရောပကဲ့သို့စည်းမျဉ်းတင်းကျပ်သောဈေးကွက်များသို့ တင်ပို့ရာတွင် ကြီးမားသောအားသာချက် ဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် လုပ်ထုံးလုပ်နည်းများက ဘရာဇီးဝါဂွမ်း၏ တန်ဖိုးကို ပိုမိုမြင့်မားစေပါသည်။

**ထောက်ပံ့ပို့ဆောင်ရေးနှင့် စိန်ခေါ်မှုများကို ဖြေရှင်းခြင်း**

ထုတ်လုပ်မှုပမာဏ များပြားလာသည်နှင့်အမျှ ဘရာဇီးအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့် logistics ကဏ္ဍသည် အရေးပါလာသည်။ အစဉ်အလာအားဖြင့် ဝါဂွမ်းတင်ပို့မှုအားလုံးနီးပါးကို ဆန်းတိုစ်ဆိပ်ကမ်းတစ်ခုတည်းမှသာ အဓိကထား တင်ပို့ခဲ့ကြသည်။ သို့သော် ယခုအခါ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန်အတွက် ဆိပ်ကမ်းသစ်များကိုပါ တိုးချဲ့အသုံးပြုလာကြပြီဖြစ်သည်။ အထူးသဖြင့် ဆာဗေးဒေါ်နှင့် ပါရာနာဂွါကဲ့သို့သော ဆိပ်ကမ်းများသည် ဝါဂွမ်းတင်ပို့မှုအတွက် အရေးပါသော လမ်းကြောင်းများဖြစ်လာသည်။ ထိုဆိပ်ကမ်းသစ်များတွင် ကွန်တိန်နာရရှိမှု ပိုမိုလွယ်ကူလာသဖြင့် သင်္ဘောတင်ပို့မှုလုပ်ငန်းစဉ်များလည်း ပိုမိုသွက်လက်လာသည်။ ဤသို့ logistics ပိုင်းကို ချဲ့ထွင်နိုင်ခြင်းက ဘရာဇီး၏ပို့ကုန်ကဏ္ဍကို ပိုမိုအားကောင်းခိုင်မာစေပါသည်။

ဘရာဇီးသည် ဝါဂွမ်းရောင်းချရုံသာမက သုံးစွဲသူ စက်ရုံများအတွက် နည်းပညာပံ့ပိုးမှုများကိုပါ ဝန်ဆောင်မှုပေးလျက်ရှိသည်။ ဤရည်ရွယ်ချက်အတွက် Cotton Brazil Knowledge Hub အမည်ရသော အွန်လိုင်းပလက်ဖောင်းတစ်ခုကို ဖန်တီးထားသည်။ ဤပလက်ဖောင်းမှတစ်ဆင့် နိုင်ငံတကာချည်မျှင်နှင့် အထည်အလိပ်စက်ရုံများအတွက် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုများကိုပေးနေပါသည်။ စက်ရုံများအနေဖြင့် ဘရာဇီးဝါဂွမ်းကို အသုံးပြုရာတွင် အခက်အခဲရှိပါက ကျွမ်းကျင်သူများနှင့် တိုက်ရိုက်ဆွေးနွေးတိုင်ပင်နိုင်သည်။ အကောင်းဆုံးစက်ဆက်တင်များ၊ အပူချိန်နှင့်စိုထိုင်းဆ ထားရှိပုံများကိုပါ အသေးစိတ်လမ်းညွှန်ပြသပေးလျက်ရှိသည်။ ဤဝန်ဆောင်မှုများကြောင့် ဝယ်လက်စက်ရုံများသည် ဘရာဇီးဝါဂွမ်းကို အသုံးပြုရာတွင် အမြင့်ဆုံးစွမ်းဆောင်ရည်များကို ရရှိလာကြသည်။

ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် ကြုံတွေ့ရတတ်သော စိန်ခေါ်မှုများကိုလည်း ဘရာဇီးက စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အပူပိုင်းဒေသများတွင် ဖြစ်ပေါ်လေ့ရှိသော ဝါဂွမ်း စေးကပ်မှုပြဿနာသည် အဓိက ဖြေရှင်းရမည့် အချက်ဖြစ်သည်။ ဤအခက်အခဲကို ကျော်လွှားနိုင်ရန် တောင်သူများနှင့် သုတေသီများ ပူးပေါင်းကာ မျိုးစေ့နည်းပညာများကို ပြောင်းလဲခဲ့ကြသည်။ ထို့အပြင် ပိုးမွှားနှိမ်နင်းရေးစနစ်များကိုလည်း ပိုမိုထိရောက်စွာ အသုံးပြုလာကြပြီး စေးကပ်မှုကို လျှော့ချနိုင်ခဲ့သည်။ ကုန်သည်များကလည်း ပြည်ပသို့ မတင်ပို့မီ ဝါဂွမ်းကို လူကိုယ်တိုင် သေချာစွာ စစ်ဆေးသည့်စနစ်ကို ကျင့်သုံးကြသည်။ ဤသို့ ပူးပေါင်းဖြေရှင်းမှုများကြောင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

**အနာဂတ်အလားအလာ**

ဘရာဇီး၏ ဝါဂွမ်းကဏ္ဍသည် လက်ရှိတွင် အောင်မြင်မှုများစွာ ရရှိထားသော်လည်း အနာဂတ်အတွက် စိန်ခေါ်မှုများ ရှိနေသေးသည်။ အထူးသဖြင့် အယ်လ်နီညိုကဲ့သို့သော ရာသီဥတုပြောင်းလဲမှုများက စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကခြိမ်းခြောက်မှု တစ်ခုဖြစ်သည်။ သို့ရာတွင် ဘရာဇီးတောင်သူများသည် ခေတ်မီနည်းပညာများနှင့် အတွေ့အကြုံများကို အသုံးချကာ ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ရန် အသင့်ရှိနေကြသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှုကလည်း နိုင်ငံ၏ ဝါဂွမ်းစက်မှုလုပ်ငန်းကို ပိုမိုကြံ့ခိုင်စေပါသည်။ အရည်အသွေး၊ ရေရှည်တည်တံ့မှုနှင့် ဝယ်လက်များ၏ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်သရွေ့ အောင်မြင်မှုများ ဆက်လက်ရှိနေမည်ဖြစ်သည်။ နိဂုံးချုပ်အားဖြင့် ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဝါဂွမ်းဈေးကွက်ကို ရေရှည်ဆက်လက်ဦးဆောင်နိုင်မည့် အလားအလာကောင်းများကို အခိုင်အမာပိုင်ဆိုင်ထားပါကြောင်း တင်ပြလိုက်ရပါသည်။ ။




# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် YBZ အသင်းနှင့် Garden Street အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီးတွင် Garden Street အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ အမှတ်(၅)ရပ်ကွက်ရှိပြည်နယ် ဖူဆယ်အားကစားခန်းမ၌ ကျင်းပခဲ့ပြီး အားကစားဝါသနာရှင် ဒေသခံများနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများလည်း တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီပေးကြသည့် ဒိုင်အဖွဲ့နှင့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အသင်းများကို တစ်ဦးချင်း ဂုဏ်ပြုလည်ဆွဲများ၊ ငွေသားဆုများနှင့် ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဖလမ်းမြို့နယ် ဒေသခံပြည်သူများအတွက် လိုင်ဗားဆည်ရေလှောင်တမံမှ သောက်သုံးရေကို ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန်လေးလုံးဖြင့် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ဖလမ်းမြို့ရှိ လိုင်ဗားရေလှောင် တမံမှ ရေကို မြို့အတွင်းရှိ ရေလှောင်ကန်များသို့ Syphon စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသည့် ရေပိုက်လိုင်းများ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ကျိုးပေါက်ပျက်စီးခြင်း၊ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ သောက်သုံးရေ ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများအတွက်သောက်သုံးရေများကို ဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးဖြင့် ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

ဖလမ်းမြို့နေ ဒေသခံပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးနေမှု အခြေအနေကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဖလမ်းမြို့ရှိ ဒေသခံပြည်သူများ ဆက်သွယ်မှုကောင်းမွန်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ MEC TEL တယ်လီဖုန်းလိုင်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ"ဖိုရမ် MRTV (ရန်ကုန်)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၆ ခုနှစ် မြန်မာ-တရုတ် Twin City မီဒီယာဖိုရမ်နှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် အစီအစဉ်တစ်ခုအဖြစ် "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေဖိုရမ်"ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Studio A) ၌ ကျင်းပသည်။

ဖိုရမ်တွင် "တောတောင် လယ်မြေ စကားမဆိုသော်လည်း ရိုတ်သိမ်းမှုတို့ ကောင်းနေဆဲ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့် ယူနန်သတင်းစာလုပ်ငန်းစုဥက္ကဋ္ဌ ရန့်ယွမ်ကျန်းတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာ (YICC) တို့ ပူးပေါင်းပြီး ရိုက်ကူးထုတ်လုပ်ထားသည့် "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ" ရုပ်သံအစီအစဉ် စတင်ထုတ်လွှင့်မှု အစီအစဉ်ကို ဒီဂျစ်တယ်နည်းလမ်းဖြင့် ဖွင့်လှစ်ပေးကြပြီး "မင်္ဂလာ-မျှော်လင့်ခြင်း လယ်ယာမြေ"အစီအစဉ် အပိုင်း(၁) "ဘလူးဘယ်ရီသီးနှင့် ချယ်ရီသီး စိုက်ခင်းများ" အစီအစဉ် (Program)ကို ပြသခဲ့သည်။ **သတင်းစဉ်**

# နည်းပညာအသုံးချနိုင်စွမ်း Digital ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် ဘဝတစ်သက်တာ လေ့လာသင်ယူနိုင်စွမ်းတို့သည် လူငယ်များအတွက် မရှိမဖြစ်လိုအပ်

**ရန်ကုန် ဇူလိုင် ၂၉**



ယနေ့ခေတ်တွင် Digital Transformation နှင့် Artificial Intelligence တို့သည် ထုတ်လုပ်မှုလုပ်ငန်းများကို လျင်မြန်စွာပြောင်းလဲလျက်ရှိကြောင်း၊ ထို့ကြောင့် နည်းပညာအသုံးချနိုင်စွမ်း Digital ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် ဘဝတစ်သက်တာ လေ့လာ သင်ယူနိုင်စွမ်းတို့သည် လူငယ်များအတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်များဖြစ်လာကြောင်း ယနေ့နံနက် ၁၀ နာရီက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ ပြုလုပ်သည့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးဟောပြောပွဲ အခမ်းအနားတွင် ပါမောက္ခချုပ်က ပြောကြားသည်။

ထို့ပြင် ယနေ့ ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်မှုသည် အရင်းအမြစ်များကို ယှဉ်ပြိုင်နေသည့် ခေတ်မဟုတ်ဘဲ အသိပညာ၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ယှဉ်ပြိုင်နေသည့် Knowledge-Based Economy ခေတ်ဖြစ်လာပြီဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းများအပေါ် များစွာ မူတည်လျက်ရှိကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် လုပ်ငန်းတစ်ခုချင်းစီကို ဖွံ့ဖြိုးစေခြင်းမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူငယ်များ၏ စွန့်ဦးတီထွင်စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်တင်ပေးခြင်းနှင့် ကျေးလက်စီးပွားရေး အားကောင်းစေခြင်းတို့ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်း ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။ **Htun Htun**

# တောင်ငူမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**တောင်ငူ ဇူလိုင် ၂၉**

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ယမန်နေ့ကကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



သင်တန်းတွင် တောင်ငူမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်ချက်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်နည်းဥပဒေ၊ လောင်းကစားဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေအခြေခံ၊ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ ယစ်မျိုးဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အိမ်ခြံမြေနှင့် မြေယာစီမံခန့်ခွဲခြင်းများ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# ရေဝတီမြစ်ရေ ဟသ်ာတမြို့တွင် စိုးရိမ်ရေမှတ်အောက် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တပ်မတော်စစ်ကြောင်းများက ကလေး– တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး–တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism Operation)လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနားအားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိနှင့် ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ကလေး–တမူး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအား တစ်ခုပြီးတစ်ခု အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းတို့အား သိမ်းပိုက်ရရှိခဲ့ကာ ယမန်နေ့ ညနေပိုင်းတွင် ထင်းဇင်ရွာ၏ မြောက်ဘက် မီတာ ၆၂၀၀ ခန့် အကွာရှိ ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။



ဘုတ်ကန်စံပြကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာရှိ ပညာဘဏ်စာကြည့်တိုက်အား ပြန်လည်သိမ်းပိုက်ရရှိမှု။




တပ်မတော်စစ်ကြောင်းများက ကလေး– တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး –တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်စွာ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများ အမြန်ဆုံး ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒေသခံများ မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဘုတ်ကန်စံပြကျေးရွာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ (၁၀၀) ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ရုံအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာ၊ ဘုတ်ကန်တိုက်နယ်ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇုဟိုကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှု။





အကြမ်းဖက်သောင်းကျန်းသူများက ကလေး–တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ် ဘုတ်ကန်စံပြကျေးရွာရှိ နေအိမ်များအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှု။

လှိုင်လင်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့် အမှာစကားပြောကြားစဉ်။

အယ်မင်း(လှိုင်လင်)



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၂၆ ခုနှစ် ဇူလိုင် ၂၉ ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၃၂ မိနစ် ၄၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် (၆)မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အောင်မြေသာဇံမြို့နယ်၏ အနောက်မြောက်ဘက် (၆) မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄.၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ဝါဆိုလပြည့်နေ့တွင် မြို့နယ်အသီးသီးရှိ စေတီပုထိုး၊ ဘုရားကျောင်းကန်များ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် မြို့နယ်အသီးသီးရှိ စေတီပုထိုး၊ ဘုရားကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်သူများ၊ တရားဘာဝနာပွားများသူများ၊ ဝတ်ရွတ်ပူဇော်သူများ၊ ကုသိုလ်ဒါနပြုလုပ်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်-



## မကွေး

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကျက်သရေဆောင် မြသလွန်စေတီတော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်း ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) တွင် ရပ်ဝေး ရပ်နီးမှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မင်းဘူးမြို့ရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရားများဖြစ်သည့် ရှင်ပင်စက္ကိန်းတဲစေတီ၊ ရှင်မင်းဘူး စေတီ၊ နဂါးပွက်တောင်တော်နှင့် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး တို့တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ပဲခူး



ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပဲခူးမြို့ရှိ ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး အပါအဝင် မြို့တွင်းရှိ ဘုရားစေတီအသီးသီး၌ ဥပုသ်သီလ ဆောက်တည်သူများ၊ တရားဘာဝနာပွားများသူများ၊ ဝတ်ရွတ်ပူဇော်သူများနှင့် ကုသိုလ်ဒါန ပြုလုပ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက် အစောပိုင်းမှ စတင်၍ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအပါအဝင် မြို့တွင်းရှိ ဘုရားစေတီအသီးသီး၌ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အနီးပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားဖူးပြည်သူများသည် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ခြင်းနှင့် ငှက်လွှတ်၊ ငါးလွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။

**သက်ဖြိုးကြိုင် (ပြန်/ဆက်)**

## မြစ်ကြီးနား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင်ဆုတောင်းပြည့် စေတီတော်၌ (ဝါဆိုလပြည့်နေ့) ယနေ့တွင် ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကား လျက်ရှိပြီး စေတီတော်ဝင်ရာ လမ်းတစ်လျှောက်၌ မုန့်ဆိုင်တန်းများ၊ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များဖြင့် လည်ပတ်စားသောက်လျက်ရှိသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် သီတာရပ်ကွက်အတွင်းရှိ ရပ်တော်မူစေတီတော်ကြီးနှင့် လျောင်းတော်မူ စေတီတော်တို့တွင်လည်း ကုသိုလ်ကောင်းမှုပြုသူများ၊ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



## မိုးညို

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဘုရားငူကျေးရွာရှိ မဏိစည်သူမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေဘုန်းပွင့်ဆုတောင်းပြည့် ဖောင်တော်ဦးစေတီတော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်းမှစ၍ ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိပြီး မြတ်စွာဘုရားရှင်အား ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူခြင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း၊ ဘုရားဖူးလာရောက်သူများအား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိသည်။ **ကိုမင်း(ပြန်/ဆက်)**

## လပွတ္တာ

ဝါဆိုလပြည့်နေ့တွင် ဝါဆိုလှိုင်းခုန် ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လပွတ္တာမြို့နယ် သက်န်းကြီး ကျေးရွာရှိကမ်းခြေ၌ ကျင်းပရာ လာရောက်လှိုင်းခုန်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ အဆိုပါပွဲတော်သို့ လပွတ္တာမြို့ပေါ်နှင့် အနီးအနားကျေးရွာများမှ ပြည်သူများသည် မိသားစုများနှင့်အတူ လာရောက်ကြပြီး ပျော်ရွှင်စွာ လှိုင်းခုန်ကစားခြင်း၊ သီချင်းများဖြင့် သီဆိုကခုန်ခြင်းဖြင့် လှိုင်းခုန်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**



## မုံရွာ

ဝါဆိုလပြည့်နေ့တွင် မုံရွာမြို့ ရွှေစည်းခုံ စေတီတော်မြတ်ကြီးနှင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများ၊ အလှူအတန်းပြုကြသူများ၊ တရားဘာဝနာပွားများ အားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



ရေတာရှည်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က ရေတာရှည်မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)





လင်းခေးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက သင်တန်းသား ၂၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ စိုင်းဇော်လတ်(လင်းခေး)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသူအောင်က အမှာစကား ပြောကြားစဉ်။

ဝတ်ရည်(ပြန်/ဆက်)



# တောင်သူများ တစ်ဧကအမြတ်ပိုရခြင်းနှင့် သီးနှံအထွက်တိုးမှုအတွက် ခေတ်မီလက်ကိုင်ဖုန်း နည်းပညာအသုံးပြုမှု (အပိုင်း-၃)

**ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ဧရိယာတစ်ခုလျှင် အမြတ်ပိုတိုးလာခြင်းသည် စိုက်ဧရိယာတစ်ခုလျှင် အထွက်နှုန်းပိုတိုးလာခြင်းထက် ပိုမိုအရေးကြီးသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ သို့သော် အကောင်းဆုံးစိုက်ပျိုးရေးစနစ်မှာ "အမြတ်" နှင့် "အထွက်နှုန်း" နှစ်ခုလုံးကို မျှတစွာ၊ အချိုးညီစွာ ထိန်းထားနိုင်ခြင်းဖြစ်ပါသည်။**

*မောင်ပြေ(ဆင်ပေါင်ဝဲ)*

ထိုကဲ့သို့ တောင်သူများအဆင်ပြေရန် ခေတ်မီနည်းလမ်းတစ်ခုမှာ ခေတ်မီလက်ကိုင်ဖုန်းမှ တောင်သူပညာပေးခြင်း နည်းစနစ်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်များတွင် စမတ်ဖုန်း၊ မိုဘိုင်းအင်တာနက်၊ ကလောက်တွက်ချက်နည်း (Cloud Computing)နှင့် ဉာဏ်ရည်တု(AI) စသည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုက်ပျိုးရေးတိုးချဲ့ပညာပေးစနစ် (Agricultural Extension System) သည် အရေးပါသော ပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်လာခဲ့ပါသည်။

ယခင်က တောင်သူများကို လယ်ကွင်းသို့ သွားရောက်တွေ့ဆုံ၍ သင်ကြားပေးရသော်လည်း ယခုအခါ လက်ကိုင်စမတ်ဖုန်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ၊ ဒေသအလိုက် သင့်လျော်သော (Location-specific) နှင့် တောင်သူတစ်ဦးချင်းစီအတွက် ကိုက်ညီသော (Personalized Advice) အကြံဉာဏ်များကို ပေးနိုင်လာပါသည်။

သုတေသနများအရ ဒီဂျစ်တယ်တိုးချဲ့ပညာပေးစနစ်သည် တောင်သူပညာပေးဝန်ထမ်းများကို အစားထိုးခြင်းမဟုတ်ဘဲ ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**လက်ကိုင်စမတ်ဖုန်းများမှတစ်ဆင့် ပေးနိုင်သော စိုက်ပျိုးရေးဝန်ဆောင်မှုများ**

**(က) ရာသီဥတုအချက်အလက်**

လက်ကိုင်ဖုန်းများမှတစ်ဆင့် တောင်သူများရရှိနိုင်သည်မှာ မိုးရွာနိုင်ခြေခန့်မှန်းချက်၊ အပူချိန်ခန့်မှန်းချက်၊ မုန်တိုင်းသတိပေးချက်၊ ရေကြီးမှုသတိပေးချက်၊ မိုးခေါင်မှုသတိပေးချက်တို့ကြောင့် စိုက်ပျိုးချိန်ကို မှန်ကန်စွာရွေးချယ်နိုင်ခြင်း၊ ရေသွင်းချိန်ကို ကောင်းမွန်စွာစီမံနိုင်ခြင်း၊ သီးနှံပျက်စီးမှုလျော့နည်းစေခြင်း အကျိုးကျေးဇူးများ ရရှိပါသည်။

**(ခ) ပိုးမွှားနှင့် ရောဂါခွဲခြား သတ်မှတ်ခြင်း**

တောင်သူများသည် လယ်ကွင်း၊ ယာကွင်းထဲမှ ဓာတ်ပုံရိုက်ပေးပို့နိုင်ခြင်း၊ စိုက်ပျိုးရေးအသုံးပြုစနစ် (App) သို့ တိုက်ရိုက်ပေးပို့နိုင်ခြင်းဖြင့် ရောဂါအမျိုးအစား၊ ပိုးမွှားအမျိုးအစား၊ ကာကွယ်နှိမ်နင်းနည်းတို့ကို ချက်ချင်းရရှိနိုင်ပါသည်။

ဉာဏ်ရည်တုနည်းပညာဖြင့် စပါးဖျက်ပိုး/ရောဂါများ ဥပမာ - Fall Armyworm၊ Rice Blast၊ ဂျုံသံချေးရောဂါများ (Wheat Rust) ခရမ်းချဉ်သီးရောဂါများ (Tomato Diseases)၊ ငှက်ပျောရောဂါများ (Banana Diseases) စသည်တို့ကို လျင်မြန်စွာ ခွဲခြားနိုင်လာပါသည်။

**(ဂ) မြေသြဇာအကြံပြုချက်**

နောက်ဆုံးပေါ် လက်ကိုင်ဖုန်းနည်းစနစ်များသည် မြေဆီလွှာစမ်းသပ်မှု၊ လယ်ယာတည်နေရာကို ဂြိုဟ်တုမှ (GPS) ဖြင့် မှတ်သားနိုင်ခြင်း၊ သီးနှံကြီးထွားမှုအဆင့်ဆင့်၊ ယခင်မြေသြဇာအသုံးပြုမှုတို့အပေါ် အခြေခံ၍ ယခင်မြေသြဇာအမျိုးအစား၊ အသုံးပြုရမည့်ပမာဏ၊ အသုံးပြုရမည့်အချိန်၊ ထည့်သွင်းနည်းစနစ်များ စသည်တို့ကို အကြံပြုပေးနိုင်ပါသည်။

**(ဃ) ဈေးကွက်သတင်း**

စမတ်ဖုန်းမှတစ်ဆင့် နေ့စဉ်ဈေးနှုန်း၊ လက်ကားဈေး၊ ဝယ်လိုအား၊ တင်ပို့ဈေး၊ ဝယ်ယူသူများ၏ ဆက်သွယ်ရန်အချက်အလက်တို့ကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ဈေးကောင်းရရှိခြင်း၊ ကြားခံပွဲစားများအပေါ် မှီခိုမှုလျော့နည်းလာခြင်း၊ တောင်သူများ ဝင်ငွေတိုးလာခြင်း အကျိုးကျေးဇူးများကို ရရှိလာပါသည်။

**(င) သီးနှံစိုက်ပျိုးရေးသင်တန်း**

ဗီဒီယိုများဖြင့် မြေပြင်ဆင်ခြင်း၊ မျိုးစေ့ပြင်ဆင်ခြင်း၊ စိုက်ပျိုးနည်း၊ ရေသွင်းနည်း၊ မြေသြဇာအသုံးပြုနည်း၊ ပေါင်းနှိမ်နင်းနည်း၊ ရိတ်သိမ်းနည်း၊ ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲနည်းတို့ကို ကြည့်ရှုနိုင်ပြီး ယင်းတို့ကိုလည်း အချိန်မရွေး၊ နေရာမရွေး ပြန်လည်ကြည့်ရှုလေ့လာနိုင်ပါသည်။

**(စ) မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု**

မွေးမြူရေး တောင်သူကြီးများအတွက် ကာကွယ်ဆေးထိုးရမည့်အချိန်၊ တိရစ္ဆာန်ရောဂါ ခွဲခြားခြင်း၊ အစာကျွေးနည်း၊ မျိုးပွားရေးစီမံခန့်ခွဲမှု၊ မွေးမြူရေးအကြံဉာဏ်များကို ပညာရှင်များက လက်ကိုင်ဖုန်းမှတစ်ဆင့် ပေးနိုင်ပါသည်။

**အသုံးများသော ဆက်သွယ်ရေးနည်းလမ်းများ**

ယနေ့ခေတ်တွင် တောင်သူပညာပေးအဖွဲ့အစည်းများသည် စာတိုပို့ (SMS)၊ စာလုံးပို့စနစ် (Whats App)၊ လူမှုမီဒီယာ ဖေ့စ်ဘွတ် (Social Media -Facebook Group)၊ တယ်လီဂရမ် (Telegram)၊ ဗိုင်ဘာ (Viber)၊ ယူကျူဗီဒီယို (YouTube)၊ Zoom စနစ်ဖြင့် တွေ့ဆုံခြင်း (Zoom)၊ Google စနစ်မှတွေ့ဆုံခြင်း (Google Meet)၊ အသံပို့စနစ် (Voice Message)၊ လက်ကိုင်ဖုန်းတွင်ပါသော ဆက်သွယ်ရေးစနစ်မျိုးစုံ (Mobile Apps)၊ တယ်လီဖုန်းတိုက်ရိုက်ခေါ်ဆိုမှု (Call Centers) စသည်တို့ကို အသုံးပြုလျက်ရှိပါသည်။

**ဉာဏ်ရည်တုကို အသုံးပြုသော စိုက်ပျိုးရေး အကြံပေးစနစ်**

၂၀၂၅-၂၀၂၆ ခုနှစ်များတွင် အရေးပါဆုံးတိုးတက်မှုမှာ အေအိုင် (AI) ဉာဏ်ရည်တုအသုံးပြုမှုဖြစ်ပါသည်။ AI က မြေသြဇာအကြံပြုခြင်း၊ ပိုးမွှားခွဲခြားခြင်း၊ ရောဂါခွဲခြားခြင်း၊ ရေသွင်းချိန်တွက်ချက်ခြင်း၊ ရာသီဥတုအခြေခံ အကြံပြုချက်များကို ပေးနိုင်လာပါသည်။

ထို့ပြင် ဒေသသုံးဘာသာစကားဖြင့် ဥပမာ မြန်မာလိုမေးမြန်းနိုင်သော အေအိုင်စနစ်များလည်း ပေါ်ထွက်လာနေပြီ ဖြစ်ပါသည်။

**တယ်လီဖုန်းဖြင့် သင်ယူခြင်းစနစ် Mobile Learning (m-Learning)**

ခေတ်မီလက်ကိုင်စမတ်ဖုန်းဖြင့် ၃-၁၀ မိနစ်စာ သင်ကြားရေးဗီဒီယိုများ၊ မေးခွန်းတို (Quiz) များ၊ အသံသင်ခန်းစာများ၊ ဒီဂျစ်တယ်သင်ခန်းစာ (Digital Manual)များ၊ဓာတ်ပုံ(Infographic) များ၊ အဝေးမှ ဆွေးနွေးပွဲ (Webinar) များနှင့် ဖုန်းထဲတွင် ထည့်သွင်းထားသော သင်ခန်းစာ (Virtual Farmer Field School)များကို သင်ယူနိုင်ပါသည်။

အကျိုးကျေးဇူးမှာ ကိုယ်ပိုင်အချိန်ဖြင့် လေ့လာနိုင်ခြင်း၊ အကြိမ်ကြိမ်ပြန်လည်လေ့လာနိုင်ခြင်း၊ ခရီးစရိတ်သက်သာခြင်းတို့ ရရှိပါသည်။

**ဒီဂျစ်တယ်တောင်သူ အစုအဖွဲ့များ**

လက်ကိုင်စမတ်ဖုန်းများကြောင့် ဥပမာ - Viber Group များဖွဲ့ပြီး အချင်းချင်း အတွေ့အကြုံများဖလှယ်ခြင်း၊ သီးနှံဓာတ်ပုံများ မျှဝေခြင်း၊ ပိုးမွှားအခြေအနေဆွေးနွေးခြင်း၊ မျိုးစေ့အချက်အလက်များမျှဝေခြင်း၊ အောင်မြင်သောတောင်သူများထံမှ သင်ယူခြင်းတို့ကို လွယ်ကူစေပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

- အင်တာနက်ချိတ်ဆက်မှု မကောင်းခြင်း၊
- မိုဘိုင်းကွန်ရက် လွှမ်းခြုံမှုမပြည့်စုံခြင်း၊
- စမတ်ဖုန်းဈေးနှုန်းမြင့်မားခြင်း၊
- ဒီဂျစ်တယ်ကျွမ်းကျင်မှုနည်းပါးခြင်း၊
- ဒေသသုံးဘာသာစကားဖြင့် အကြောင်းအရာမလုံလောက်သေးခြင်း၊
- ကျေးရွာများတွင် လျှပ်စစ်မီးရရှိမှုနည်းပါး၊ မတည်ငြိမ်သေးခြင်း၊
- ကိုယ်ရေးအချက်အလက် လုံခြုံရေးနှင့် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများ စသည်တို့ဖြစ်ပါသည်။

**အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အကြံပြုချက်များ**

(က) တိုးချဲ့ပညာပေးဝန်ထမ်းများအား ဒီဂျစ်တယ် စိုက်ပျိုးရေးနည်းပညာများ သင်တန်းပေးရန်၊

(ခ) ကျေးလက်ဒေသများတွင် အင်တာနက်နှင့် မိုဘိုင်းကွန်ရက် အခြေခံအဆောက်အအုံများ တိုးတက်အောင် ဆောင်ရွက်ရန်၊

(ဂ) ဒေသသုံး မြန်မာဘာသာစကားဖြင့် အသုံးပြုနိုင်သော လက်ကိုင်ဖုန်းဖြင့် စိုက်ပျိုးမွေးမြူရေးသုံးစနစ်များ (Mobile App)များ ဖန်တီးရန်၊ ဥပမာ- မြန်မာနိုင်ငံတောင်သူဦးကြီးများ လက်ကိုင်ဖုန်းဖြင့် နေ့စဉ်အသုံးပြုလျက်ရှိသော အစိမ်းရောင်လမ်းစနစ် (Green Way App.)https://greenwaymyanmar.com တွင် တောင်သူကြီးများ သိလိုသည်များ ဖြေကြားပေးခြင်း၊ မိုးလေဝသခန့်မှန်းပေးခြင်း၊ သီးနှံလက်ရှိရောင်းချရန် ဈေးနှုန်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဗဟုသုတဆောင်းပါးများ တင်ထားသဖြင့် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာကိစ္စအဝဝကို လက်ကိုင်ဖုန်း အသုံးပြု၍ သိရှိနိုင်ပါသည်။ စာရေးသူလည်း အထွေထွေဗဟုသုတ / အတွေးအမြင်ဆောင်းပါးများအုပ်စု၏ အောက်တွင် အပတ်စဉ်အင်္ဂါနေ့တိုင်း ရေးသားလျက်ရှိပါသည်။

(ဃ) စာဖတ်စွမ်းရည်နည်းသော တောင်သူများအတွက် အသံနှင့်ဗီဒီယိုအခြေပြု သင်ခန်းစာများ ထုတ်လုပ်ပေးရန်၊

(င) ဒီဂျစ်တယ်အကြံပေးစနစ်နှင့် လယ်ကွင်းသရုပ်ပြသင်တန်းများကို ပေါင်းစပ်အသုံးပြုရန်၊

(စ) ကျေးရွာအဆင့် ဒီဂျစ်တယ်တောင်သူအဖွဲ့များ ဖွဲ့စည်းရန်၊

(ဆ) AI အခြေပြု အကြံပေးစနစ်များကို တိုးချဲ့ပညာပေးလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုရန် စသည်တို့ဖြစ်ပါသည်။

(ဇ) အမျိုးသမီးများနှင့် လူငယ်များ၏ ဒီဂျစ်တယ်စိုက်ပျိုးရေးတွင် ပါဝင်မှုကိုမြှင့်တင်ရန်၊

(ဈ) ဒီဂျစ်တယ်တိုးချဲ့ပညာပေးအစီအစဉ်များ၏ရလဒ်များကို အစဉ်တစိုက်စောင့်ကြည့်သုံးသပ်ရန်၊

(ည) အစိုးရ၊ တက္ကသိုလ်များ၊ ဆက်သွယ်ရေးကုမ္ပဏီများ၊ အစိုးရမဟုတ်သော (NGO) များနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်။

**စာရေးသူ၏ အတွေး**

အိန္ဒိယနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးတွင် ထိပ်တန်းရောက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် တစ်နိုင်ငံလုံး တောင်သူပညာပေးဝန်ထမ်း ၁ ဒသမ ၃ မှ ၁ ဒသမ ၅ သန်း လိုအပ်နေသော်လည်း ဝ ဒသမ ၁ သန်း (တစ်သိန်း) ခန့်သာ ဆောင်ရွက်နေကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*



တောင်သူများ ခေတ်မီလက်ကိုင်စမတ်ဖုံး အသုံးပြုနေပုံ

❖ **၂၀၂၅-၂၀၂၆ ခုနှစ်များတွင် အရေးပါဆုံးတိုးတက်မှုမှာ အေအိုင်(AI) ဉာဏ်ရည်တုအသုံးပြုမှုဖြစ်ပါသည်။AI က မြေသြဇာအကြံပြုခြင်း၊ ပိုးမွှားခွဲခြားခြင်း၊ ရောဂါခွဲခြားခြင်း၊ ရေသွင်းချိန်တွက်ချက်ခြင်း၊ ရာသီဥတုအခြေခံ အကြံပြုချက်များကို ပေးနိုင်လာ**

❖ **ခေတ်မီလက်ကိုင်စမတ်ဖုန်းဖြင့် ၃-၁၀ မိနစ်စာ သင်ကြားရေးဗီဒီယိုများ၊ မေးခွန်းတို(Quiz) များ၊ အသံသင်ခန်းစာများ၊ ဒီဂျစ်တယ်သင်ခန်းစာ(Digital Manual)များ၊ ဓာတ်ပုံ(Infographic) များ၊ အဝေးမှ ဆွေးနွေးပွဲ(Webinar) များနှင့် ဖုန်းထဲတွင် ထည့်သွင်းထားသော သင်ခန်းစာ(Virtual Farmer Field School)များကို သင်ယူနိုင်**

# အေအိုင်နှင့် ကျွန်တော် (၈)

**အယ်ဒီတာတစ်ဦး**

**ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ် အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။**

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်း၏အဖြေကို ဤသို့ မှတ်တမ်းအဖြစ် သိမ်းဆည်းထားလိုက်ပါသည်။

**မေးခွန်း -အသက်ကန့်သတ်ချက်နဲ့ အချို့နိုင်ငံတွေမှာ ဆိုရှယ်မီဒီယာ အသုံးပြုမှု ပိတ်ပင်တဲ့ ဥပဒေထုတ်ပြန်တာတွေ၊ ပိတ်ပင်တာတွေ လုပ်နေကြတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အဲဒီလို အသက်ငယ်ရွယ်သူတွေကို ဆိုရှယ်အသုံးပြုမှု ပိတ်ပင်ဖို့နဲ့ ပတ်သက်ပြီး နည်းပညာနဲ့ လုပ်ငန်းစဉ်အရ ဘာတွေလိုအပ်မလဲ။**

**အဖြေ။** အချို့နိုင်ငံများ (ဥပမာ- ဩစတြေးလျ စသည့်နိုင်ငံများ) တွင် အသက်အရွယ်ကန့်သတ်ချက်ဖြင့် ကလေးသူငယ်များနှင့် လူငယ်များ ဆိုရှယ်မီဒီယာ အသုံးပြုမှုကို ဥပဒေထုတ်ပြန်၍ ပိတ်ပင်/ကန့်သတ်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

မြန်မာနိုင်ငံကဲ့သို့ အခြေအနေမျိုးတွင် အသက်ငယ်ရွယ်သူများ၏ ဆိုရှယ်မီဒီယာအသုံးပြုမှုကို နည်းပညာနှင့် လုပ်ငန်းစဉ်များအရ ကန့်သတ်/ပိတ်ပင်မည်ဆိုပါက အဓိကအားဖြင့် **နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်/မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များ**ကို အောက်ပါအတိုင်း အဆင့်လိုက် စနစ်တကျ ပြင်ဆင်ရန် လိုအပ်မည် ဖြစ်ပါသည်။

**၁။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ (Technical Requirements)**

အကောင့်ဖွင့်သူ၏ အသက်အရွယ် အမှန်အကန်ကို စိစစ်နိုင်ရန်နှင့် နည်းပညာအရ ကန့်သတ်နိုင်ရန် အောက်ပါနည်းပညာများ လိုအပ်ပါသည်-

❖ **အသက်အရွယ် စိစစ်အတည်ပြုသည့် နည်းပညာ (Age Verification Systems):**

- **Digital ID / NRIC Integration:** နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အစိုးရ၏ ဒီဂျစ်တယ်အချက်အလက်စနစ် (Digital Identity System) နှင့် ချိတ်ဆက်ပြီး အသက်အတည်ပြုခြင်း။
- **Biometric / AI Face Estimation:** အကောင့်ဖွင့်သူ၏ မူလမျက်နှာပြင်အနေအထားကို AI နည်းပညာဖြင့် စကန်ဖတ်ကာ အသက်အရွယ် ခန့်မှန်းအတည်ပြုခြင်း။
- **Third-Party Verification Providers:** အသက်အရွယ်ကို သီးခြားအတည်ပြုပေးသည့် ယုံကြည်စိတ်ချရသော တတိယအဖွဲ့အစည်းများ၏ စနစ်နှင့် ချိတ်ဆက်ခြင်း။

❖ **ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ၏ ပူးပေါင်းဆောင်ရွက်မှု (Platform Cooperation & API Access):**

- Meta (Facebook, Instagram), TikTok, YouTube စသည့် အဓိက ပလက်ဖောင်းများတွင် မြန်မာနိုင်ငံအတွက် အထူးသီးသန့် အသက်အရွယ် စိစစ်ရေးစနစ်များ (Parental Control /Age Gate API) ထည့်သွင်းပေးရန် ကုမ္ပဏီများနှင့် နည်းပညာအရ ချိတ်ဆက်ဆောင်ရွက်ခြင်း။

❖ **မိဘထိန်းချုပ်မှုဆိုင်ရာ နည်းပညာများ (Parental Control Tools):**

- ကလေးသူငယ်များ၏ ဖုန်း/စက်ပစ္စည်းများတွင် မိဘများက အချိန်ကန့်သတ်နိုင်ခြင်း သို့မဟုတ် အကောင့်ဖွင့်ခြင်းကို ခွင့်ပြုချက်ပေးနိုင်သည့် Screen Time နှင့် Parental Verification စနစ်များ ပါဝင်ခြင်း။

**၂။ လုပ်ငန်းစဉ်နှင့် မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များ (Operational & Policy Requirements)**

နည်းပညာတစ်ခုတည်းဖြင့် အပြည့်အဝ တားဆီးရန် မဖြစ်နိုင်သဖြင့် ခိုင်မာသော လုပ်ငန်းစဉ်များနှင့် ဥပဒေများ လိုအပ်ပါသည်-

❖ **တရားဝင်ဥပဒေနှင့် စည်းကမ်းချက်များ ပြဋ္ဌာန်းခြင်း (Legal Framework):**

- ဆိုရှယ်မီဒီယာ ကုမ္ပဏီများအနေဖြင့် အသက်မပြည့်သေးသူများအား အကောင့်ဖွင့်ခွင့်မပြုရန် တရားဝင် တာဝန်ယူရမည့် ဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲခြင်း။
- စည်းကမ်းလိုက်နာမှုမရှိသည့် ပလက်ဖောင်းများကို ဒဏ်ကြေးရိုက်ခြင်း သို့မဟုတ် အရေးယူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း။

❖ **စောင့်ကြည့်ထိန်းချုပ်မည့် အဖွဲ့အစည်း ဖွဲ့စည်းခြင်း (Regulatory Authority):**

- အကောင့်စိစစ်ရေးလုပ်ငန်းစဉ်များကို စောင့်ကြည့်ရန်၊ စာရင်းအင်းယူရန်နှင့် ကိုယ်ရေးအချက်အလက် (Data Privacy) လုံခြုံမှု ရှိ မရှိ စစ်ဆေးရန် သီးခြားလွတ်လပ်သော အဖွဲ့အစည်း သို့မဟုတ် ကော်မတီဖွဲ့စည်းခြင်း။

❖ **မိဘများနှင့် ကျောင်းများ၏ ပူးပေါင်းပါဝင်မှု (Educational Programs):**

- ကလေးများ VPN သို့မဟုတ် အခြားနည်းလမ်းများဖြင့် သွေဖည်မသုံးစွဲနိုင်ရန် မိဘများနှင့် ဆရာ ဆရာမများအား ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာပေးခြင်း (Digital Literacy Education)။

**၃။ ရင်ဆိုင်ရနိုင်သည့် စိန်ခေါ်မှုများ (Challenges)**

❖ **VPN နှင့် တုပအကောင့်များ (Fake Accounts):** အသက်အရွယ်ကို လိမ်လည်ဖြည့်စွက်ခြင်း သို့မဟုတ် VPN အသုံးပြု၍ အခြားနိုင်ငံစနစ်ဖြင့် သုံးစွဲခြင်းများကို တားဆီးရန် ခက်ခဲခြင်း။

❖ **ကိုယ်ရေးအချက်အလက်လုံခြုံရေး (Data Privacy Concerns):** အသက်စိစစ်ရန်အတွက် ကလေးသူငယ်များနှင့် မိဘများ၏ မှတ်ပုံတင်၊ မျက်နှာပြင်စကန်ဖတ်ချက်စသည့် sensitive ဖြစ်သော အချက်အလက်များ လုံခြုံစွာ ထိန်းသိမ်းနိုင်ရေး။

❖ **ပြည်ပ ကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှု:** ပြည်ပအခြေစိုက် ဆိုရှယ်မီဒီယာကုမ္ပဏီများက ဒေသတွင်း ဥပဒေ/တောင်းဆိုချက်များကို မည်မျှအထိ လိုက်ပါဆောင်ရွက်ပေးမည်နည်း ဆိုသည့်အချက်။

---

*စာမျက်နှာ ၁၀ မှ*

တောင်သူအားလုံးနီးပါးတွင် ခေတ်မီစမတ်၊ လက်ကိုင်ဖုန်းရှိနေ၍ ပုဂ္ဂလိကကဏ္ဍ (အိန္ဒိယတောင်သူများ မြေသြဇာရောင်းဝယ်၊ အသုံးပြုရေးသမဝါယမ၊ နိုကီရာ၊ အာတယ် (Airtel)၊ တာတာ စိုက်ပျိုးမွေးမြူရေးအကြံပေးအဖွဲ့ အစရှိသော အဖွဲ့အစည်းများ)၊ အစိုးရကဏ္ဍ စိုက်ပျိုးမွေးမြူရေးနှင့် တောင်သူများ သက်သာချောင်ချိရေးဝန်ကြီးဌာနအောက်ရှိ အိန္ဒိယစိုက်ပျိုးမွေးမြူရေးကောင်စီက တိုက်ရိုက်ကြီးကြပ်သော ပြည်နယ်တိုင်းရှိ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ၊ အမျိုးသားအဆင့် သုတေသနဌာနများ၊ ဥပမာ- အိန္ဒိယဗဟိုစပါးသုတေသနဌာန၊ ဆီထွက်သီးနှံသုတေသနဌာန၊ မြေဆီလွှာသိပ္ပံသုတေသနဌာန၊ ခြောက်သွေ့ဒေသဥယျာဉ်ခြံသီးနှံသုတေသနဌာန၊ နို့ထွက်လုပ်ငန်းသုတေသနဌာန၊ ရေချိုငါးမွေးမြူရေးသုတေသနဌာန စသည်တို့က ဤလက်ကိုင်ဖုန်းနည်းပညာဖြင့် တောင်သူပညာပေးလုပ်ငန်းများကို အောင်မြင်တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။

**အိန္ဒိယ၏အားသာချက်က သူ့နိုင်ငံ၏ ပြည်နယ်တိုင်းတွင် အဆင့်မြင့်ပညာနှင့် သုတေသနများကို ပြည်နယ်၏ဒေသ ရေမြေ၊ ရာသီဥတုအလိုက် သင်ကြားသုတေသနပြုနိုင်သော အဆင့်မြင့်တက္ကသိုလ်များရှိခြင်းနှင့် လျှပ်စစ်မီးနှင့် အင်တာနက်ဝန်ဆောင်မှုက ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးလွှမ်းခြုံထားခြင်း ဖြစ်ပါသည်။**

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီး နေရာအနှံ့ကျေးလက်နေပြည်သူလူထုထံ စိုက်ပျိုးမွေးမြူရေးနည်းပညာရောက်ရှိရန်မှာ ဤစမတ်လက်ကိုင်ဖုန်းနည်းပညာများကို အသုံးပြုကာ အွန်လိုင်း/အဝေးမှ စိုက်ပျိုးမွေးမြူရေးနည်းပညာသင်တန်းများ၊ ဒီပလိုမာ၊ ဒီဂရီအစီအစဉ်များဖြင့် ပညာပေးခြင်းကို တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၌ သမားရိုးကျ တက်ရောက်သင်ကြားပေးခြင်းအပြင် ထပ်ဆင့်ဖြည့်ပေးနိုင်ပါသည်။ နိုင်ငံတကာတွင်လည်း ထိုကဲ့သို့ဆောင်ရွက်နေပါသည်။

နမူနာအနေဖြင့် စာရေးသူတို့အဖွဲ့နှင့် သန်လျင်သမဝါယမတက္ကသိုလ်တို့ ပူးပေါင်းပြီး စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာလက်မှတ်ရသင်တန်း (Certificate Course in Agribusiness Management) ကို ဖွင့်လှစ်၍ အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ သိပ္ပံကျောင်းများသို့ မတက်ရောက်နိုင်ခဲ့သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုက်ရိုက်လုပ်နေသူများကို တစ်ဖက်တစ်လမ်းမှ ပညာပေးလျက်ရှိနေပါသည်။ မကြာမီကာလများတွင်လည်း ဒီပလိုမာသင်တန်းဖွင့်လှစ်ရန် စီစဉ်နေပါသည်။

**မှီငြမ်းစာအုပ်များ -**


- Saravan, R. (2010) ICTs for Agricultural Extension. NIPA, New Delhi. 557p.
- Saravanan, S.(2020) Mobile Phone for Agricultural Extension: Worldwide mAgri Innovation and Promise for Future. NIPA-New India Publishing Agency, New Delhi. 382p.
- Updated Internet Websites and AI Technology


---



မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ စုရပ်နေရာ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း ဆင်းပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များ ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တန့်ငူကျေးရွာအုပ်စုမှ ပြည်သူများအား ကျေးရွာမြေငှားဂရန်များနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များ ပေးအပ်စဉ်။ ရဲကိုမောင် (ပြန်/ဆက်)





မိုင်းရှူးမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၁/၂၀၂၆) ဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ မိုင်းရှူး(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စာပေပညာရှင် စည်သူ ဒေါက်တာသော်ကောင်း ကွယ်လွန်




**ရန်ကုန် ဇူလိုင် ၂၉**

၂၀၁၀ ပြည့်နှစ်အမျိုးသားစာပေတစ်သက်တာဆုရှင်၊ စာပေပညာရှင်နှင့် စာရေးဆရာကြီးစည်သူ ဒေါက်တာသော်ကောင်းသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် (၅၂-က) ၌ နေထိုင်ရင်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီ ၄၇ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်သည်။

စည်သူ ဒေါက်တာသော်ကောင်းကို အငြိမ်းစား ပညာမင်းကြီးနှင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ စည်သူ ဦးကောင်းနှင့် ဒေါ်သိန်းတို့မှ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်မြို့တွင် အခြေခံပညာသင်ယူခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ B.A (ဂုဏ်ထူး)၊ အင်္ဂလိပ်စာပထမအဆင့်ဖြင့်ဘွဲ့ရရှိခဲ့ကာ ၁၉၆၂ ခုနှစ်တွင် ဗြိတိန်၊ လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် AALIA (Associate of the Australian Library and Information Association )၊ ၁၉၈၄ ခုနှစ်တွင် အင်္ဂလန်စာကြည့်တိုက်အသင်း၏ အမြင့်ဆုံးဘွဲ့ (FLA) (Fellow of the Library Association) (UK) ဘွဲ့များကိုလည်းရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် Fukuoka Asian Cultural Prize ကို ချီးမြှင့်ခံခဲ့ရသည်။

ဒေါက်တာသော်ကောင်းသည် ၁၉၅၇ ခုနှစ်မှ စတင်၍ ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနကို စတင်တည်ထောင်ခဲ့ကာ ဌာနမှူးအဖြစ်လည်း ပူးတွဲတာဝန်ယူခဲ့သည်။ ထို့ပြင် တက္ကသိုလ်ပညာပဒေသာစာစောင် စာတည်းအဖွဲ့၊ မြန်မာစာကော်မရှင်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်ထုတ်ဝေရေးအဖွဲ့တို့တွင် အရေးပါသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဒေါက်တာသော်ကောင်းသည် ဗြိတိန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ မြန်မာစာပေ၊ စာကြည့်တိုက်လုပ်ငန်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ သွားရောက်ဖတ်ကြားခဲ့ပြီး အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်၏ အကြံပေးကောင်စီအဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ပြည်တွင်းပြည်ပ ညီလာခံများနှင့် ဆွေးနွေးပွဲများတွင် စာတမ်း ၃၅ စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဆောင်းပါးပေါင်း ၉၀ ကျော်၊ "ရည်ညွှန်းစာအုပ်ဟူသည်"၊ "Aspects of Myanmar History and Culture" အပါအဝင် စာအုပ် ၁၀ အုပ်နှင့် ဘာသာပြန်စာပေများ၊ အထွေထွေရေးသားချက်များ အပါအဝင် စာပေလက်ရာ စုစုပေါင်း ၂၀၀ ခန့်ကို ရေးသားပြုစုခဲ့သည်။

၎င်းသည် ၂၀၀၇ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၈ ခုနှစ်တွင် From the Librarian's Window စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု (ယဉ်ကျေးမှုဘာသာရပ်) ကို ရရှိခဲ့သည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှ စ၍ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူ ဦးအုံးဖေတည်ထောင်သည့် စာပေဆုနှင့် သုတစွယ်စုံစာပေဆုတို့၏ ရွေးချယ်ရေးအဖွဲ့များတွင်လည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ ချီးမြှင့်ခံခဲ့ရသည်။

စည်သူ ဒေါက်တာသော်ကောင်း ကွယ်လွန်သွားခြင်းသည် မြန်မာ့စာပေလောက၊ မြန်မာ့သမိုင်းနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုများအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

**မြန်မာ့အလင်း**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်




**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် ၁၂ ဦးတို့သည် လက်နက် ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ လေးဦး၊ မင်းပြားမြို့နယ်မှ တစ်ဦး၊ သံတွဲမြို့နယ်မှ ခြောက်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ မြေပုံမြို့နယ်မှ နှစ်ဦး၊ တောင်ကုတ်မြို့နယ်မှ တစ်ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ သုံးဦး၊ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ၂၀ နှင့် ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ နှစ်ဦး၊ ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ဓနုဖြူမြို့နယ်မှ နှစ်ဦး၊ လေးမျက်နှာမြို့နယ်မှ သုံးဦး၊ အင်္ဂပူမြို့နယ်မှတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါလာသည့် MA-1 အမျိုးအစား မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ MA-2 အမျိုးအစားမောင်းပြန် ရိုင်ဖယ် တစ်လက်၊ BA-63 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ Type-81 အမျိုးအစား ငါးလက်၊ M-22 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊LM-16 ပါရီစက်လတ် တစ်လက်၊ AK-47 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ စုစုပေါင်း လက်နက်မျိုးစုံ ၁၃ လက်၊ တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး ခြောက်လုံး၊ ကျည်မျိုးစုံ ၄၅၆ တောင့်နှင့် ကျည်အိမ်မျိုးစုံ ၂၀ တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၃ လက်အတွက် ငွေကျပ် သိန်း ၆၅၀ ၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်းနှင့် အလင်းဝင်ရောက်လာသူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၃၂ ဦးအတွက် ငွေကျပ် ၉၆ သိန်း စုစုပေါင်း ချီးမြှင့်ငွေကျပ် ၇၆၄ သိန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်း လာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း



**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကိုင်းကျေးရွာအုပ်စု ကျွန်းပင်စင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းကို ယမန်နေ့က အဆိုပါ ကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**သစ်တောမှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ။**

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၂)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် အမှတ်(၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် သဃ်န်းကျွန်းနှင့် မလွှကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၃/၉-၁၀ သုဝဏ္ဏခုံးတံတားကိုဖြတ်သန်းစဉ် ရထား၏ညာဘက်မှ ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် ရထားတွဲဆိုင်းပါ ပထမဆုံးတွဲအမှတ် DEMU F(C)-4029၏ ညာဘက်ခြမ်းခရီးသည် အတက်/အဆင်းတံခါးပေါက် အောက်ဆုံးမှန်ထိမှန်၍ ကြေမွအက်ကွဲမှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။




သဃ်န်းကျွန်းနှင့် မလွှကုန်းဘူတာအကြား အမှတ်(၃၂)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ အတက်/အဆင်းတံခါးပေါက် အောက်ဆုံးမှန် ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့ပုံ။

ဖြစ်ပွားရာနေရာသို့ သဃ်န်းကျွန်းရထားရဲစခန်းနှင့် တိုးကြောင်ကလေး ရထားရဲစခန်း တာဝန်ရှိသူများ သွားရောက်၍ တရားခံဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ငါးမိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်းသို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် ISPE အသင်းက ရန်ကုန်စီးတီးအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ISPE အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း ပွဲချိန် ၃ မိနစ်တွင် ဟေမာန်စိုးက စတင်သွင်းယူပေးခဲ့ပြီး ၈ မိနစ်တွင် စုပြည့်ပြည်ကျော်၊ ၃၈ မိနစ်တွင် မီမီဇင်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ISPE အသင်း ဆက်လက်ဖိအားပေးကစားခဲ့ပြီး ၆၉ မိနစ်တွင် သဥ္ဇာချို၊ ၇၁ မိနစ်တွင် ငြိမ်းငြိမ်းဖြိုး၊ ၇၈ မိနစ်တွင် ဟေမာန်စိုး၊ ၈၉ မိနစ်နှင့် ၉၂ မိနစ်တို့တွင် အသင်းခေါင်းဆောင် လင်းမြင့်မိုရ်တို့က ဆက်တိုက်ဂိုးသွင်းယူခဲ့ကြသည်။ ယင်းပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် အသင်းခေါင်းဆောင် လင်းမြင့်မိုရ်က အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် မြတ်နိုးခင်က သွင်းယူပေးခဲ့သည်။ ထို့နောက် ၃၇ မိနစ်တွင် ယွန်းဝတီနှင့် မိနစ် ၅၀ တွင် ခင်စန်းလွင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အဆိုပါပွဲစဉ်တွင် သစ္စာအားမာန်အသင်းမှ ဇင်မာထွေးက အကောင်းဆုံး ကစားသမားဆုရရှိခဲ့သည်။

ISPE အသင်းသည် ယနေ့နိုင်ပွဲကြောင့် အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ရမှတ် ဖြတ်ပြီး ဦးဆောင်လျက်ရှိသည်။

**နေမျိုး**
**ဓာတ်ပုံ-MWL**

---

✤ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အင်းစိန်လမ်းမကြီးတွင် မင်္ဂလာဒုံမြို့နယ် အနောက်ပိုင်းကျေးရွာနေ ကျော်မြင့်သန်း(၃၅)နှစ် မောင်းနှင်ပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အလယ်ကျေးရွာနေ အောင်ဝင်း(၂၇)နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စက်စမ်းရပ်ကွက်နေ သိန်းရွှေ(၆၂)နှစ်နှင့် ထန်းတပင်မြို့နယ် အေးမြို့ရွာနေ ဘကျော်(၄၇)နှစ်တို့ လိုက်ပါလာသော TOYOTA IPSUM မော်တော်ယာဉ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၉)ရပ်ကွက်နေ ဇော်အောင်(၄၉)နှစ် မောင်းနှင်ပြီး ညောင်တုန်းမြို့နယ် အင်းမရွာနေ သက်ဇင်(ခ) အောင်အောင် (၅၀) နှစ်၊ ရွှေပြည်သာမြို့နယ်(၂၀)ရပ်ကွက်နေ မောင်အေးလှိုင်(၅၅)နှစ်တို့ လိုက်ပါလာသော TOYOTA CALDINA မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၉၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၈၀၀) ဖမ်းဆီးရမိသဖြင့် ယင်းတို့ခုနစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁)ရပ်ကွက်နေ ကောင်းထိုက်ကျော် (၃၇) နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၄၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ သိန်း)၊ ကက်တမင်း ၁၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ခြောက်သိန်း) နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ငါးသိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက် ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်နေ စည်သူကျော်(၃၉)နှစ်ထံမှ ကက်တမင်း ၅၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀) ကိုလည်းကောင်း၊ ဆက်လက်၍ ည ၆ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းရွာနေ မလှသန္တာ(၃၅)နှစ်ထံမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၄၃၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၁၅၀) ကိုလည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၂၄၈၈ တန်ဖိုး ဖမ်းဆီးရမိခဲ့သဖြင့် ကောင်းထိုက်ကျော်၊ စည်သူကျော်နှင့် မလှသန္တာတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး သန်းပိုင်သည် မြန်မာအသင်း၏ တိုက်စစ်ပိုင်းကို ဦးဆောင်ကာ ခြေစွမ်းပြကစားခဲ့ပြီး ပွဲချိန် ၂၈ မိနစ်နှင့် ၈၃ မိနစ်တို့တွင် မြန်မာအသင်းအတွက် အရေးပါသော ဦးဆောင်ဂိုးများကို သွင်းယူပေးခဲ့သည်။

သန်းပိုင်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ပွဲထွက် ၁၁ ဦးစာရင်းတွင် ပုံမှန်ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး အသင်းအတွက် အဓိကအဆုံးအဖြတ် သွင်းဂိုးများကို သွင်းယူပေးလျက်ရှိသည်။

မြန်မာအသင်းသည် ယခုပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရေး မျှော်လင့်ချက် ပိုမိုအားကောင်းလာခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

---

❍ *ကျောဖုံးမှ*

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည့် U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲကို မြန်မာဘောလုံးကစားသမားလူငယ်များ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ၂၀၂၃ ခုနှစ်မှစတင်ကာ နှစ်စဉ်သွားရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်ပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

# ကလေးသူငယ်များအား ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**

ကလေးသူငယ်များအား ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မောင်----၊ ၁၁ နှစ်သည် ကျောင်းဆင်းပြီး အိမ်ပြန်လာချိန် ကျောင်းအတူ တက်ခဲ့ဖူးသည့် သူငယ်ချင်းဖြစ်သူကို တွေ့ရှိပြီး သူငယ်ချင်းဖြစ်သူနှင့်အတူလာသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ မျိုးမင်းထွန်း(ခ)ဖိုးသားက နေအိမ်သို့အလည်လိုက်ခဲ့ရန် ခေါ်ဆောင်သဖြင့် ညီဖြစ်သူကို အတူခေါ်ပြီး လိုက်ပါသွားခဲ့ကြောင်း၊ မျိုးမင်းထွန်း(ခ)ဖိုးသား၏ နေအိမ်သို့ရောက်သောအခါ အားဆေးသောက်ရမည်ဟုပြောကာ ၎င်းသောက်သုံးနေသည့် စိတ်ငြိမ်ဆေးလုံး ၁၀ လုံးစီနှင့် ဆန်ချိုအရက်အား အချိုရည်ဟုပြောဆိုပြီး လိမ်လည်တိုက်ကျွေးခဲ့ကြောင်း စိစစ်သိရှိရသည်။

ဆေးသောက်ပြီး ကလေးများ အသိစိတ်ကင်းမဲ့နေချိန်တွင် ကလေးတစ်ဦးအား ၎င်းမှလိင်တူဆက်ဆံခဲ့ပြီး ကျန်ကလေးနှစ်ဦးအား ကလေးအချင်းချင်း လိင်တူဆက်ဆံခိုင်းကာ ဗီဒီယိုဖိုင်များ ရိုက်ကူးခဲ့ကြောင်း၊ ကလေးများက မျိုးမင်းထွန်း(ခ)ဖိုးသား၏ အိမ်သို့ ကျောင်းပိတ်ရက်များတွင် သွားရောက်ညအိပ်ခဲ့ရာ ရက်ပေါင်း ၂၀ ခန့် ညအိပ်ခဲ့ဖူးကြောင်း၊ ထိုအချိန်တိုင်းတွင် မျိုးမင်းထွန်း(ခ)ဖိုးသားက အလားတူ ဆောင်ရွက်ခဲ့ပြီး ဗီဒီယိုဖိုင်များ အကြိမ်ကြိမ်ရိုက်ကူးကာ Telegram အကောင့်ဖွင့်၍ Member ဝင်များထံမှ အခကြေးငွေများရယူ၍ ရောင်းချခဲ့ကြောင်း စိစစ်သိရှိရသည့်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း (ပ) ၁၆၉/၂၀၂၆ နှင့် (ပ) ၁၇၀/ ၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံ မျိုးမင်းထွန်း(ခ)ဖိုးသားအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်စီ သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

အယ်လာသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်အိုးပင်းပြိုင်ပွဲတွင် နာမည်ကြီး မာယာဂျိုင့်၊ လက်ရှိကမ္ဘာ့အဆင့် (၆)ရှိ ဆွီယာတက်ခ်တို့ကို ကျော်ဖြတ်ကာ ၁၆ ဦးအဆင့်အထိ တက်လှမ်းထားသူဖြစ်သည်။ ၎င်းသည် ယခုပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် လက်ရှိချန်ပီယံကနေဒါတင်းနစ်မယ် လေလာဖာနန်ဒက်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဖာနန်ဒက်စ်သည် ယမန်နှစ်က ကျင်းပခဲ့သည့် မူဘာဒါလာဒီစီအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် အန်နာကာလင်စကာယာကို အနိုင်ယူပြီး ဖလားဆွတ်ခူးထားသူဖြစ်သည်။

လက်ရှိကမ္ဘာ့အဆင့် (၂၈) ရှိ အသက် ၂၁ နှစ်အရွယ် အယ်လာသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ကျင်ဝမ်ကျန်း၊ ဆွီယာတက်ခ်နှင့် ဗီကစ်စသည့် ထိပ်တန်းတင်းနစ်မယ်များကို အနိုင်ယူကျော်ဖြတ်ထားနိုင်ပြီဖြစ်သည်။

**အောင်ဇော်**

---

❊ *ကျောဖုံးမှ*

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကမ္ဘာတစ်ဝန်း ဝန်ထမ်း ၈၀၀၀ ခန့် BMW လျှော့ချမည်



ဘာလင် ဇူလိုင် ၂၉

ဂျာမနီနိုင်ငံ၏ ထိပ်တန်းမော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် BMW သည် ယခုနှစ် အောက်တိုဘာလမှစတင်၍ ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းအင်အား ၈၀၀၀ ခန့်ကို လျှော့ချသွားမည်ဖြစ်ကြောင်း ဂျာမနီသတင်းအေဂျင်စီ dpa က ဇူလိုင် ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

ကုမ္ပဏီ၏ ပြန်လည်ဖွဲ့စည်းရေးအစီအစဉ်အတွက် ယူရိုတစ်ဘီလီယံခန့်ကို တစ်ကြိမ်တည်းကုန်ကျမည်ဟု မျှော်မှန်းထားပြီး ယင်းကုန်ကျစရိတ်တွင် ဂျာမနီနိုင်ငံရှိ ထုတ်လုပ်မှုမဟုတ်သည့်ဌာနများမှ ဝန်ထမ်းများကို မိမိသဘောဆန္ဒအလျောက် အလုပ်မှထွက်ခွာပါက ပေးအပ်မည့် လျော်ကြေးငွေများလည်း ပါဝင်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်မှာ ဂျာမနီနိုင်ငံရှိ ဝန်ထမ်းများအတွက်သာ အကျုံးဝင်မည်ဖြစ်ပြီး လျှော့ချမည့် ဝန်ထမ်းအရေအတွက်၏ထက်ဝက်ကျော်မှာ ဂျာမနီနိုင်ငံမှဖြစ်မည်ဟု ခန့်မှန်းထားသည်။

၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ BMW တွင် ကမ္ဘာတစ်ဝန်း ဝန်ထမ်းပေါင်း ၁၅၄၅၀၀ ခန့်ရှိသည်။ Volkswagen နှင့် Mercedes-Benz တို့ကလည်း ဝန်ထမ်းအင်အားလျှော့ချမည့် အစီအစဉ်များကို ကြေညာထားပြီးဖြစ်ရာ BMW သည် ဂျာမနီ၏ အဓိကမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများအနက် ဝန်ထမ်းလျှော့ချရန် ထုတ်ပြန်သည့် နောက်ဆုံးကုမ္ပဏီဖြစ်လာခဲ့သည်။

ဆင်ဟွာ

# ကမ္ဘာ့ဝိုင်သောက်သုံးမှု ကျဆင်းလာ၍ ဩစတြေးလျဝိုင် တင်ပို့မှု လျော့ကျ

ကင်ဘာရာ ဇူလိုင် ၂၉

ကမ္ဘာတစ်ဝန်း ဝိုင်သောက်သုံးမှုလျော့ကျလာခြင်းကြောင့် ဩစတြေးလျနိုင်ငံ၏ ယခုနှစ် ဝိုင်တင်ပို့မှုကျဆင်းခဲ့ကြောင်း ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်သည့် ဝိုင်လုပ်ငန်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

စားသုံးသူများက အရက်သောက်သုံးမှုကို လျှော့ချလာခြင်း၊ လူနေမှုစရိတ်မြင့်တက်လာသဖြင့် ငွေကြေးဖိအားများ ကြုံတွေ့နေရခြင်းနှင့် အခြားအစားထိုး ယမကာများကို ပြောင်းလဲသောက်သုံးလာခြင်းတို့ကြောင့် ဝိုင်သောက်သုံးမှု လျော့ကျလာခြင်းဖြစ်ကြောင်း ဩစတြေးလျ ဝိုင်လုပ်ငန်းအဖွဲ့အစည်းက ပြောကြားသည်။

ဝိုင်တင်ပို့မှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၁ ဒသမ ၆ ဘီလီယံသို့ ကျဆင်းခဲ့ပြီး တင်ပို့မှုပမာဏမှာ လီတာ ၅၈၉ သန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း ပြင်သစ်၊ အီတလီ၊ စပိန်၊ ချီလီနှင့် တောင်အာဖရိကတို့ကဲ့သို့ ဝိုင်ထုတ်လုပ်ရေး အဓိကနိုင်ငံများတွင်လည်း ဝိုင်တင်ပို့မှုများကျဆင်းခဲ့ကြောင်း အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# ဂျပန်ငလျင်ဘေး နိုင်ငံတကာက စာနာဝမ်းနည်း၍ ကူညီထောက်ပံ့ရန် ကမ်းလှမ်း

တိုကျို ဇူလိုင် ၂၉

ခူမာမိုတိုခရိုင်တွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ နိုင်ငံအများအပြားက ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့ကာ လိုအပ်သည့် အကူအညီများပေးအပ်ရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ဂျပန်ပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို သိရှိပါကြောင်းနှင့် လိုအပ်ပါက ပံ့ပိုးကူညီရန် အသင့်ရှိကြောင်း ဇူလိုင် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗားနှင့် အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီတို့ကလည်း ငလျင်ဘေးသင့် ပြည်သူများနှင့် ထပ်တူဝမ်းနည်းကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ခံအားပေးကြောင်း လူမှုကွန်ရက်များမှတစ်ဆင့် ဖော်ပြခဲ့ကြသည်။




ခူမာမိုတိုခရိုင်တွင် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီ ၂၇ မိနစ်၌ ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခွဲအထိ ကျူရှူးဒေသတွင် သေဆုံးသူ ၁၃ ဦးရှိကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲက ပြောကြားသည်။ ထို့ပြင် အဆောက်အအုံများပြိုကျပျက်စီးခြင်း၊ မီးလောင်မှုများနှင့် လမ်းတံတားများပျက်စီးခြင်း အပါအဝင် ထိခိုက်ပျက်စီးမှု အများအပြားရှိကြောင်း သိရသည်။

တာဝန်ရှိသူများကလည်း လာမည့်သီတင်းပတ်များအတွင်း ပြင်းအား ၇ အဆင့်အထိရှိနိုင်သည့် အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း ယူဆသည့်အတွက် ပြည်သူများအနေဖြင့် အထူးသတိထားကြရန် တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်က အမေရိကန်သို့ ပထမဆုံးအကြိမ် သဘာဝကျောက် တင်ပို့

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန်နိုင်ငံသည် နိုင်ငံ၏ပထမဆုံး သဘာဝကျောက်တင်ပို့မှုကို အနောက်ပိုင်း ဟီရတ်ပြည်နယ်မှ အမေရိကန်ပြည်ထောင်စုသို့ စတင်တင်ပို့ခဲ့ကြောင်း ပြည်နယ်စီမံခန့်ခွဲရေးအဖွဲ့က ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

ယင်းတင်ပို့မှုတွင် ဟီရတ်ပြည်နယ် ဇင်ဒါဂျန်ခရိုင်ရှိ သတ္တုတွင်းတစ်ခုမှ တူးဖော်ရရှိသည့် ကျောက်နက် (Black Stone) များ ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါ တင်ပို့မှုသည် အာဖဂန်နစ္စတန်၏ သတ္တုတွင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ဈေးကွက်တိုးချဲ့ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် စကျင်ကျောက်၊ ခရိုမိုက်နှင့် အဖိုးတန်ကျောက်မျက်များ အပါအဝင် သတ္တုသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်ရေး မြှင့်တင်ရန် ပို့ကုန်တိုးချဲ့ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အသည်းရောင်အသားဝါ-စီ အမြစ်ပြတ်ရေး အရှိန်မြှင့်တင်ရန် ပါကစ္စတန်ဝန်ကြီးချုပ် ကတိပြု

အစ္စလာမ္မာဘတ် ဇူလိုင် ၂၉

ပါကစ္စတန်နိုင်ငံတွင် ပြည်သူ့ကျန်းမာရေးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့် အသည်းရောင်အသားဝါစီပိုးကို အမြစ်ပြတ်တိုက်ဖျက်နိုင်ရေး ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှာဘတ်ရှာရစ်က ဇူလိုင် ၂၈ ရက်တွင် ကတိပြုပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတစ်ဝန်း ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းများကို အခမဲ့တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့အသည်းရောင်အသားဝါရောဂါနေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် ဝန်ကြီးချုပ်က ပါကစ္စတန်နိုင်ငံသည် အသည်းရောင် အသားဝါစီပိုးကြောင့် ဝန်ထုပ်ဝန်ပိုးကြီးမားစွာ ခံစားနေရဆဲနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူအားလုံး တန်းတူညီမျှရရှိရေးမှာ အဓိကဦးစားပေးကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် အမျိုးသားအဆင့် အသည်းရောင်အသားဝါစီပိုး ပပျောက်ရေးအစီအစဉ်အရ နိုင်ငံတစ်ဝန်း လူသန်းနှင့်ချီ၍ အခမဲ့စစ်ဆေးပေးခြင်းနှင့် ထိရောက်သည့်ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

# AI ဖွံ့ဖြိုးတိုးတက်မှုအရှိန် ထိန်းညှိပေးနိုင်ရေး အမေရိကန်အစိုးရကို တောင်းဆို

ဝါရှင်တန် ဇူလိုင် ၂၉



အမေရိကန်နိုင်ငံရှိ AI ကုမ္ပဏီများမှ အမှုဆောင်အရာရှိများနှင့် ဝန်ထမ်း ၁၁၀၀ ကျော်က AI နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်ကို ထိန်းညှိနိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အမေရိကန်အစိုးရက ပံ့ပိုးပေးရန် တောင်းဆိုသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်သည်။

AI လုပ်ငန်းနယ်ပယ်မှ အရေးပါသော ခေါင်းဆောင်များက ယင်းကြေညာချက်ကို ထောက်ခံလက်မှတ်ရေးထိုးခဲ့ကြပြီး လက်မှတ်ရေးထိုးသူများတွင် Anthropic ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒါရီယို အမိုဒေးအပြင် OpenAI၊ Meta နှင့် Google ကုမ္ပဏီများမှ အမှုဆောင်အရာရှိများလည်း ပါဝင်သည်။

ကြေညာချက်တွင် ကမ္ဘာ့ထိပ်တန်း AI ကုမ္ပဏီများအနေဖြင့် AI သုတေသနသည် AI ကိုယ်တိုင်အလိုအလျောက် ဆက်လက်သုတေသနပြုနိုင်သည့်အဆင့်သို့ ရောက်ရှိလာနိုင်သည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် AI ၏ စွမ်းရည်များသည် အလွန်လျင်မြန်စွာတိုးတက်လာနေပြီး နောက်ဆုံးတွင် လူသားများ၏ နားလည်နိုင်စွမ်းနှင့် ထိန်းချုပ်နိုင်စွမ်းကို ကျော်လွန်သွားနိုင်သည့် အန္တရာယ်များ ရှိလာနိုင်ကြောင်းလည်း ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# မလေးရှား၌ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ နိုင်ငံခြားသား ၃၀၀ ကျော် ဖမ်းဆီးခံရ

ကွာလာလမ်ပူ ဇူလိုင် ၂၉

မလေးရှားနိုင်ငံ တောင်ပိုင်းရှိ အထူးဖွံ့ဖြိုးရေး ဇုန်တစ်ခုအတွင်းရှိ အွန်လိုင်းလိမ်လည်မှု စင်တာများကို ဝင်ရောက်စီးနင်းရာ နိုင်ငံခြားသား ၃၀၀ ကျော်ကို မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဂျိုဟိုးပြည်နယ် ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် Forest City ဒေသရှိ အဆောက်အအုံ ၃၂ ခုကို ဝင်ရောက်စီးနင်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှု ဂိုဏ်းနှစ်ဖွဲ့ကို ဖြိုခွင်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

အဆိုပါအွန်လိုင်းလိမ်လည်သူများသည် ပြည်ပနိုင်ငံများရှိ နိုင်ငံခြားသားများကို ပစ်မှတ်ထားကာ အတုအယောင် Cryptocurrency ရင်းနှီးမြှုပ်နှံမှုများနှင့် အချစ်ရေး အယောင်ဆောင် ငွေလိမ်လည်သည့် Romance Scam လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

Forest City သည် စင်ကာပူနိုင်ငံနှင့် မျက်နှာချင်းဆိုင် မလေးရှားနိုင်ငံဘက်တွင် တည်ဆောက်ထားသည့်အိမ်ရာနှင့် စီးပွားရေးစီမံကိန်းကြီး တစ်ခုဖြစ်သည်။ သို့သော် နေထိုင်သူနှင့် စီးပွားရေးလုပ်ငန်းများ အနည်းငယ်သာရှိသဖြင့် လူသူကင်းမဲ့သည့်မြို့ "Ghost Town" ဟု ခေါ်ဝေါ်နေရသည်။

ရာဇဝတ်ဂိုဏ်း များသည် လူနေထိုင်မှုနည်းပါးသည့် Forest City ဒေသကို အခွင့်ကောင်းယူကာ ဥပဒေမဲ့လုပ်ငန်းများ လုပ်ဆောင်နေကြသည်ဟု ဆိုသည်။

အင်န်အိတ်ချ်ကေ

## မူဆယ်မြို့၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း



**မူဆယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ခရိုင်/မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ ဝါဆိုလပြည့်နေ့ ဘုရားဖူး၊ ကုသိုလ်ပြုသူများ စည်ကား

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းကပ်သူများ၊ ဥပုသ်သီလစောင့်တည်သူများ၊ ဘုရားဖူးသူများ၊ ရပ်ဝေး၊ ရပ်နီးမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုလပြည့်နေ့ရောက်တိုင်း မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အမွေးနံ့သာများ ဆက်ကပ်လှူဒါန်းနိုင်ရန် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလလာရောက်ဆောက်တည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **ရွှေမြိုင်သူ(ပြန်/ဆက်)**

## သန်လျင်ခရိုင်၌ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၉**

သန်လျင်ခရိုင်အတွင်းရှိ အခြေခံပညာ အလယ်တန်းအဆင့်သင် (အတွေ့အကြုံရှိ) ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာ တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်(TCSF) level 2 ဆိုင်ရာ အရည်အသွေးမြှင့်(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယမန်နေ့က သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းသို့ သန်လျင်ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တံတားမြို့များမှ အလယ်တန်းပြ ဆရာ ဆရာမ ၆၂၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြ ၁၅ ဦးတို့က သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## ထားဝယ်မြို့နယ်အတွင်းရှိ သမအသင်းသား တောင်သူများအား မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်



**ထားဝယ် ဇူလိုင် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ သမဝါယမ အသင်းသားတောင်သူများအတွက် ငွေကျပ်သိန်း ၃၅၀၀ နှင့်ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းကို ထားဝယ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် မိုးစပါး စိုက်ပျိုးရေးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားသည့် အသင်းသားတောင်သူများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ထားဝယ်မြို့နယ်အတွင်းရှိ သမဝါယမအသင်း လေးသင်း၊ အသင်းသားတောင်သူ ၂၅ ဦး၏ လယ်ဧက ၁၄၀၀ အတွက် ငွေကျပ်သိန်း ၃၅၀၀ နှင့်ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများကို အသင်းသားတောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ရေးမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ရေး ဇူလိုင် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ (ခေတ္တ) ဥက္ကဋ္ဌ သူရ ဦးရန်နိုင်ဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား အာယုတောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၅ ဦးတို့အား ဇူလိုင် ၁ ရက်မှ ၂၈ ထိ စာတွေ့/ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ လမင်းစီမံချက်ဖြင့် ဇွန် ၁ ရက်မှစတင်ကာ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၇ ရက်အထိ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၀၀၅ ဦးအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)








## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇူလိုင် ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး၌ ဇူလိုင် ၂၈ ရက်က တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ခဲ့သည့် Musung Garment မှ အာမခံအလုပ်သမား ဒေါ်နီနီခိုင်အား အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေကျပ် ၂၈၁၇၄၆၀.၈၀၊ အာမခံအလုပ်သမား ဒေါ်လင်းလင်းဖြိုးအား အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေကျပ် ၂၉၆၃၅၂၀ နှင့် Super Myanmar စက်သုံးဆီဆိုင်မှ အာမခံအလုပ်သမား ဦးအောင်မျိုးအား အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေကျပ် ၇၀၅၆၀၀၀ ကို ခွင့်ပြုထုတ်ပေးခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ပညာရေးစနစ်ကို အထောက်အကူပြုသည့် အွန်လိုင်းပညာရေး

**ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာမှုနှင့်အတူ အွန်လိုင်းပညာရေးက လူမှုအသိုင်းအဝိုင်းအတွင်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ပိုမိုမြင်သာလာသည်။ ယခင်က ပညာရေးကို ကျောင်း၊ တက္ကသိုလ်များတွင်သာ သင်ယူရသော်လည်း ယခုအခါ အင်တာနက်အသုံးပြုခြင်းဖြင့် မည်သည့်နေရာတွင်မဆို အချိန်မရွေးသင်ယူနိုင်သည့်အခွင့်အလမ်းများ ရရှိလာသည်။**

**သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)**

- **အွန်လိုင်းပညာရေးသည် ယနေ့ခေတ်ပညာရေးစနစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး သင်ယူသူများအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်**
- **အွန်လိုင်းပညာရေးသည် အခွင့်အလမ်းနှင့်အတူ ပြဿနာများလည်းရှိသောကြောင့် အွန်လိုင်းပညာရေးသီးသန့်နည်းလမ်းကိုသာ အသုံးမပြုဘဲ အွန်လိုင်းပညာရေးနှင့် ဆရာ-ကျောင်းသား မျက်နှာချင်းဆိုင် သင်ယူရသည့် ပညာရေးတို့ကို ပေါင်းစပ်အသုံးပြုသော Blended Learning (ပေါင်းစပ်သင်ယူမှု) ဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်**

အွန်လိုင်းပညာရေး၏ အဓိက အကျိုးကျေးဇူးတစ်ခုမှာ သင်ယူခွင့်ကို ကျယ်ပြန့်စေခြင်း ဖြစ်သည်။ ကျေးလက်ဒေသများတွင် နေထိုင်သူများ သို့မဟုတ် ပညာရေးအရင်းအမြစ်များ မလုံလောက်သည့်နေရာများတွင် ရှိသူများအတွက်လည်း အရည်အသွေးမြင့် ပညာရေးကို ရရှိစေသည်။ ထို့ပြင် သင်ယူသူများသည် မိမိတို့၏ အချိန်ဇယားနှင့် ကိုက်ညီအောင် လွတ်လပ်စွာသင်ယူနိုင်ခြင်းသည်လည်း အွန်လိုင်းပညာရေး၏ အားသာချက်တစ်ရပ်ဖြစ်သည်။

အွန်လိုင်းပညာရေးသည် နည်းပညာကျွမ်းကျင်မှုများကို တိုးတက်စေပြီး မိမိကိုယ်တိုင်သင်ယူနိုင်စွမ်း (self-learning) ကို မြှင့်တင်ပေးသည်။ သင်ယူသူများသည် သတင်းအချက်အလက်များကို ကိုယ်တိုင်ရှာဖွေသင်ယူခြင်းဖြင့် သုတေသနစွမ်းရည်နှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများလည်း တိုးတက်လာစေသည်။

အခြားတစ်ဖက်၌ အွန်လိုင်းပညာရေးတွင် အခက်အခဲများလည်း ရှိနေသည်။ အင်တာနက် မတည်ငြိမ်မှု၊ နည်းပညာကိရိယာများ မလုံလောက်ခြင်း၊ သင်ယူသူများ၏ စည်းကမ်းလိုက်နာမှု လိုအပ်ခြင်းတို့သည် အဓိက စိန်ခေါ်မှုများဖြစ်သည်။ ထို့အပြင် ဆရာနှင့် တိုက်ရိုက်ဆက်ဆံမှု လျော့နည်းခြင်းကြောင့် အချို့သောသင်ယူမှုအတွေ့အကြုံများ လျော့နည်းနိုင် သည်။

သို့သော် အွန်လိုင်းပညာရေးသည် ခေတ်သစ်ပညာရေးစနစ်တွင် မဖြစ်မနေပါဝင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပညာရေးတိုးတက်မှုကို အထောက်အကူပြုပေးသည့်အရေးပါသောနည်းလမ်းတစ်ခုဖြစ်သည်။ အနာဂတ်တွင်လည်း နည်းပညာတိုးတက်မှုနှင့်အတူ အွန်လိုင်းပညာရေး၏ အခန်းကဏ္ဍသည် ပိုမိုကြီးမားလာမည်ဖြစ်ပါသည်။

**ကောင်းကျိုးများ**

အွန်လိုင်းပညာရေးသည် ယနေ့ခေတ်ပညာရေးစနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာပြီး သင်ယူသူများအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည်။

ပထမဦးစွာ အွန်လိုင်းပညာရေးသည် **အချိန်နှင့်နေရာလွတ်လပ်မှု**ကို ပေးစွမ်းသည်။ သင်ယူသူများသည် မည်သည့်နေရာတွင်မဆို မိမိအဆင်ပြေသည့် အချိန်တွင် သင်ယူနိုင်သည်။ ဥပမာအားဖြင့် အလုပ်လုပ်နေသောလူတစ်ဦးသည် နေ့အလုပ်ပြီးနောက် ညပိုင်းတွင် အွန်လိုင်းမှ သင်တန်းများကို တက်ရောက်နိုင်သည်။

ဒုတိယအနေဖြင့် **သင်ယူခွင့်ကျယ်ပြန့်မှုဖြစ်**သည်။ ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် မြို့ပြကဲ့သို့ အရည်အသွေးမြင့်ပညာရေးကို မရနိုင်သောအခါ အွန်လိုင်းပညာရေးက အထောက်အကူဖြစ်စေသည်။ မိမိအဝေးတွင်ရှိသော တက္ကသိုလ်များ၊ နိုင်ငံခြားတက္ကသိုလ်များ၏ သင်ခန်းစာများကို အင်တာနက်မှတစ်ဆင့် သင်ယူနိုင်ခြင်းဖြစ်သည်။

တတိယအချက်မှာ **ကုန်ကျစရိတ် လျော့နည်းခြင်း** ဖြစ်သည်။ သာမန်ကျောင်းတက်ရခြင်းနှင့် နှိုင်းယှဉ်လျှင် သွားလာစရိတ်နှင့် နေထိုင်စရိတ်များ လျှော့ချနိုင်သည်။ ဥပမာအားဖြင့် အွန်လိုင်းသင်တန်းတစ်ခုကို မိမိအိမ်တွင် တက်ရောက်နိုင်ခြင်းကြောင့် ခရီးစရိတ်ကို လျှော့ချနိုင်သည်။

စတုတ္ထအချက်ဖြစ်သည့် **နည်းပညာကျွမ်းကျင်မှုတိုးတက်စေခြင်း**သည်လည်း အရေးကြီးသော ကောင်းကျိုးတစ်ခုဖြစ်သည်။ သင်ယူသူများသည် ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်ကို အသုံးပြုရာတွင် ပိုမိုကျွမ်းကျင်လာသည်။ ဥပမာအားဖြင့် Zoom, Google Classroom ကဲ့သို့သော အွန်လိုင်းပလက်ဖောင်းများကို အသုံးပြုသင်ကြားရသဖြင့် နည်းပညာပိုင်းကျွမ်းကျင်မှုများ တိုးတက်လာသည်။

ပဉ္စမအချက်မှာ **ကိုယ်တိုင်သင်ယူနိုင်စွမ်းတိုးတက်ခြင်း** ဖြစ်သည်။ အွန်လိုင်းပညာရေးတွင် သင်ယူသူသည် မိမိကိုယ်တိုင်စီမံခန့်ခွဲပြီး သင်ယူရသဖြင့် ကိုယ်ပိုင်တာဝန်ယူမှုနှင့် စည်းကမ်းရှိမှု တိုးတက်လာသည်။ ဥပမာအားဖြင့် သင်တန်းတစ်ခုကို အချိန်မီတက်ရောက်ပြီးစီးနိုင်ရေး ကိုယ်တိုင်စီစဉ်ရခြင်းဖြစ်သည်။

အွန်လိုင်းပညာရေးသည် အချိန်လွတ်လပ်မှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် သင်ယူခွင့်ကျယ်ပြန့်မှုတို့ကြောင့် လူတိုင်းအတွက် သင်ယူမှုအခွင့်အလမ်းများကို တိုးချဲ့ပေးနိုင်သော အထောက်အကူပြုစနစ်တစ်ခုဖြစ်သည့်အတွက် ယနေ့ခေတ်ပညာရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

**ဆိုးကျိုးများ**

အွန်လိုင်းပညာရေးသည် အကျိုးကျေးဇူးများစွာ ရှိသော်လည်း ဆိုးကျိုးများကိုလည်း တွေ့ရှိရသည်။

ပထမအချက်မှာ **အင်တာနက်နှင့် နည်းပညာပေါ် မူတည်နေခြင်း**သည် အဓိက ပြဿနာတစ်ခုဖြစ်သည်။ အင်တာနက်မတည်ငြိမ်ပါက သင်ခန်းစာများကို အပြည့်အဝသင်ယူနိုင်မှု ရှိမည်မဟုတ်ပါ။ ဥပမာအားဖြင့် အွန်လိုင်းသင်တန်းတက်နေစဉ် အင်တာနက်ပြတ်တောက်သွားလျှင် သင်ခန်းစာများ လွတ်သွားနိုင်သောကြောင့် နားလည်မှုကို ထိခိုက်စေနိုင်သည်။

ဒုတိယအချက်မှာ **ဆရာနှင့် တိုက်ရိုက်ဆက်ဆံမှု လျော့နည်းခြင်း**ဖြစ်သည်။ တချို့ သင်ခန်းစာများအတွက် ဆရာနှင့် တိုက်ရိုက်မေးမြန်းသင်ယူနိုင်မှ နားလည်နိုင်မည့် သာသာရပ်များ (သင်္ချာ၊ စာရင်းအင်းပညာစသည်) ဖြစ်သည့်အတွက် နားလည်မှု လျော့နည်းနိုင်သည်။ ဥပမာအားဖြင့် သင်ခန်းစာတစ်ခုမရှင်းလင်းပါက / နားမလည်ပါက လက်တွေ့တွက်ချက်မှုများမရသဖြင့် အခက်အခဲရှိနိုင်သည်။

တတိယအချက်မှာ **သင်ယူသူကိုယ်တိုင် စည်းကမ်းလိုက်နာရန် လိုအပ်ခြင်း**ဖြစ်သည်။ အွန်လိုင်းသင်ယူမှုတွင် မိမိကိုယ်တိုင် အချိန်စီမံခန့်ခွဲရသဖြင့် စည်းကမ်းလိုက်နာမှုမရှိပါက သင်ယူမှု မအောင်မြင်နိုင်ပါ။ ဥပမာအားဖြင့် သင်တန်းကို အချိန်မီမတက်ရောက်ခြင်း၊ သင်ခန်းစာများကို ပြီးဆုံးအောင်မဆောင်ရွက်ခြင်း၊ လိုင်းဝင်ပြီး ဟန်ပြတက်ရောက် ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

စတုတ္ထအချက်မှာ **အာရုံစိုက်မှု လျော့နည်းခြင်း**သည်လည်း ပြဿနာတစ်ခုဖြစ်သည်။ အိမ်တွင် သင်ယူနေစဉ် ဖုန်း၊ လူမှုမီဒီယာများနှင့် အခြားအရာများကြောင့် အာရုံစိုက်မှုလျော့နည်းနိုင်သည်။ သင်တန်းတက်ရောက်နေစဉ် စိတ်ဝင်စားမှုမရှိခြင်း၊ အခြားကိစ္စရပ်များ ဆောင်ရွက်နေခြင်း၊ ဥပမာအားဖြင့် သင်ခန်းစာပို့ချနေစဉ် ဖေ့စ်ဘွတ် သို့မဟုတ် ဂိမ်းကစားခြင်းကြောင့် သင်ယူမှုထိခိုက်နိုင်သည်။

ပဉ္စမအချက်မှာ **လူမှုဆက်ဆံရေး ကျဆင်းခြင်း**ဖြစ်သည်။ လူကိုယ်တိုင်တက်ရောက်သည့် ကျောင်းများကဲ့သို့ မိတ်ဆွေများနှင့် ဆက်ဆံရခြင်း၊ အဖွဲ့လိုက်ဆောင်ရွက်ရခြင်းများမရှိသဖြင့် ပေါင်းသင်းဆက်ဆံရေး အားနည်းစေသည်။ အဖွဲ့လိုက်ဆောင်ရွက်ရခြင်းများ မရှိခြင်းကြောင့် ပူးပေါင်းလုပ်ဆောင်မှုစွမ်းရည်ကျဆင်းနိုင်သည်။

အွန်လိုင်းပညာရေးတွင် အင်တာနက်ပြဿနာများ၊ လူမှုဆက်ဆံရေးအားနည်းမှုနှင့် ကိုယ်တိုင်စည်းကမ်းလိုအပ်မှုများ ကဲ့သို့သော ဆိုးကျိုးများရှိသည့်အတွက် အွန်လိုင်းပညာရေးကို ထိရောက်စွာ အသုံးချရန် သင်ယူသူများက စည်းကမ်းရှိစွာ လေ့လာရန်နှင့် နည်းပညာအခက်အခဲများကို ဖြေရှင်းနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

**အွန်လိုင်းပညာရေး ဆောင်ရွက်သင့် / မသင့်**

ပထမဦးစွာ ဆောင်ရွက်သင့်သော အကြောင်းရင်းများကို ကြည့်မည်ဆိုလျှင် အွန်လိုင်းပညာရေးသည် **သင်ယူခွင့်ကို ကျယ်ပြန့်စေခြင်း**အတွက် အလွန်အသုံးဝင်သည်။ နေရာဒေသမရွေး သင်ယူနိုင်ခြင်းကြောင့် ကျေးလက်ဒေသတွင် နေထိုင်သူများ၊ အလုပ်လုပ်နေသူများအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်လာစေသည်။ ထို့ပြင် **အချိန်လွတ်လပ်မှုနှင့် ကုန်ကျစရိတ်သက်သာမှု**များကြောင့် လူများစွာအတွက် လက်လှမ်းမီသောပညာရေးနည်းလမ်းတစ်ခုဖြစ်သည်။ နည်းပညာကို အသုံးပြု၍ သင်ယူခြင်းကြောင့်လည်း **ဒီဂျစ်တယ်ကျွမ်းကျင်မှုများ** တိုးတက်လာစေပြီး ခေတ်မီလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည်။

သို့သော် တစ်ဖက်တွင် မဆောင်ရွက်သင့်ဟု သတ်မှတ်နိုင်သောအချက်များလည်း ရှိသည်။ အွန်လိုင်းပညာရေးသည် **အင်တာနက်နှင့်နည်းပညာပစ္စည်းများအပေါ် အလွန်မူတည်နေခြင်း**ကြောင့် အင်တာနက်မကောင်းသော ဒေသများတွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ ထို့ပြင် **ဆရာနှင့်တိုက်ရိုက်ဆက်ဆံမှု**လျော့နည်းခြင်းကြောင့် နားလည်မှုမပြည့်စုံနိုင်ခြင်းနှင့် **လူမှုဆက်ဆံရေးကျွမ်းကျင်မှုအားနည်းခြင်း**ကဲ့သို့သော ပြဿနာများ ဖြစ်နိုင်သည်။ ထို့အပြင် သင်ယူသူ၏ **ကိုယ်တိုင်စည်းကမ်းလိုက်နာမှု**မရှိပါက သင်ယူမှု အောင်မြင်ရန် ခက်ခဲနိုင်သည်။

အွန်လိုင်းပညာရေးသည် အခွင့်အလမ်းနှင့်အတူ ပြဿနာများလည်းရှိသောကြောင့် အွန်လိုင်းပညာရေးသီးသန့်နည်းလမ်းကိုသာ အသုံးမပြုဘဲ အွန်လိုင်းပညာရေးနှင့် ဆရာ-ကျောင်းသား မျက်နှာချင်းဆိုင် သင်ယူရသည့် ပညာရေးတို့ကို ပေါင်းစပ်အသုံးပြုသော **Blended Learning (ပေါင်းစပ်သင်ယူမှု)** ဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည် ဖြစ်ပါသည်။

အွန်လိုင်းပညာရေးသည် ဆောင်ရွက်သင့်သော နည်းလမ်းတစ်ခုဖြစ်သော်လည်း ထိရောက်မှုအမြင့်ဆုံးရရှိရန်အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်စွာအသုံးချရမည်ဖြစ်သည်။ ထို့ကြောင့် အွန်လိုင်းပညာရေးကို ပညာရေးစနစ်အတွင်း အထောက်အကူပြုနည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**မအူပင် ဇူလိုင် ၂၉**

မအူပင်မြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း (၁/၂၀၂၆) ဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဒန်က အမှာစကား ပြောကြားသည်။ သင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ကြားပို့ချခဲ့ပြီး မအူပင်မြို့နယ် အတွင်းရှိ ရပ်ကွက်(၁၂) ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စုမှ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး ၈၈ ဦး



တက်ရောက်ကြောင်း သိရသည်။

**အောင်မြင့်မြတ် (မြန်/ဆက်)**

## လှည်းကူးမြို့ GEC ပညာရေးသမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

GEC ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်က လှည်းကူးမြို့နယ် ယင်းတိုက်ပင်ကျေးရွာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ်ဥက္ကဋ္ဌ ဦးခင်သိန်းက ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းကိစ္စများကို ဆွေးနွေးပြီး သဘာပတိကအတည်ပြုပေးခြင်း၊ အမှုဆောင်အသစ်ရွေးချယ်ခြင်း၊ ကတိသစ္စာခံယူခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အသင်းသားများအား အစုပေါ် အမြတ်နှင့် စုဆောင်းငွေအပေါ် အတိုးများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(လှည်းကူး)**

## နေပြည်တော်ကောင်စီနယ်မြေ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း




**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၁/၂၀၂၆) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက သင်ရိုးညွှန်းတမ်း သင်ခန်းစာများကို လက်တွေ့နယ်ပယ်နှင့် ကိုက်ညီသည့် အခြေခံစံနှုန်းများကို ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ တင်ပြအတည်ပြုချက်ရယူ၍ ယခုကဲ့သို့ ပြုစုသင်ကြားပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်သူများ၏ လုံခြုံရေး၊ မိမိတို့ ရပ်ရွာအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာကိစ္စရပ်များကို လွယ်လင့်တကူ ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက နောင်လူငယ်များ၏ စံနမူနာပြ အုပ်ချုပ်ရေးမှူးကောင်းများအဖြစ် ရှေ့ဆောင်လမ်းပြ ဖြစ်ကြလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မိုင်းဆတ်မြို့၌ ရေဆင်းပေါ်ဆန်းစပါးမျိုး ကွင်းလက်တွေ့စိုက်ပျိုး ပြသ



**မိုင်းဆတ် ဇူလိုင် ၂၉**

မိုင်းဆတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ မိုးစပါးစိုက်ပျိုးရာသီတွင် စမ်းသပ်စိုက်ပျိုးမည့် ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးများ ကွင်းလက်တွေ့ စိုက်ပျိုးပြသခြင်းကို ယမန်နေ့က မြို့သစ်ရပ်ကွက် ဝိန်းနေစံပြစိုက်ကွင်း၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းညွန့်က မိုင်းဆတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၄၃၅၃၃ ဧကရှိပြီး ဒေသဝမ်းစာဖူလုံမှု ၁၈၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် တောင်သူများ ပိုလျှံစပါးရောင်းချရာတွင် ဒေသမျိုးစပါးထက် ဝင်ငွေပိုမိုရရှိနိုင်သည့် အရည်အသွေးမြင့် ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုး ငါးဧက စမ်းသပ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသခံတောင်သူများ ဝင်ငွေပိုမိုရရှိစေရေးနှင့် ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးများ စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် ၈၁ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်

**ပုသိမ် ဇူလိုင် ၂၉**

အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၉) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူး၊ ကထိကများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၇ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၉**

မော်လမြိုင်ကျွန်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်က အမှာစကား ပြောကြားရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့် ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ပြီး ပြည်သူဗဟိုပြုအုပ်ချုပ်ရေး လုပ်ငန်းများကို တာဝန်သိသိ၊ စည်းကမ်းရှိရှိ၊ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် သင်တန်းမှရရှိသော အသိပညာ၊ အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားပြီး တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့သည်။



**ရဲကိုမောင် (ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျွန်းရှေ့ဝါ ရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျွန်းရွှေဝါရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို ဇူလိုင် ၂၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျွန်းရွှေဝါရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်နွေးနွေးသိမ့်တို့က အမှာစကားပြောကြားသည်။

ထို့နောက်အသင်းအမှုဆောင်များမှ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြား တင်ပြပြီး အသင်းသားများအား အကျိုးဝေစုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြင့်မြင့်ရီ**

ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ကာ သဘာဝရေပြင်ဝေန်မြစ်အတွင်းသို့ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၈ ရက်က ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် သောင်ရွာကူးတို့ဆိပ်၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၂၅၀၀၀ နှင့် ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ ၁၂၅၀၀၀ တို့ကို သဘာဝရေပြင်ဝေန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။

**အောင်သူဟန် (ပြန်/ဆက်)**





ပခုက္ကူမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြရော (၁) ခန်းမ၌ ကျင်းပရာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

**ဘာမီသာ(ပခုက္ကူ)**



တာချီလိတ်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက်က ခရိုင်/မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၁ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်စဉ်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ်၌ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဇူလိုင် ၂၈ ရက်တွင် စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များတွင် ဌာနမှချမှတ်ထားသော မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ်ရောင်းချပေးခြင်း ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။

**မျိုးမင်း(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## တပ်ကုန်းမြို့နယ် မိုးစပါး Rice Export Zone ဆောင်ရွက်မည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**တပ်ကုန်း ဇူလိုင် ၂၉**



နေပြည်တော် တပ်ကုန်းမြို့နယ်၌ မိုးစပါး Rice Export Zone ဆောင်ရွက်မည့် တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးအောင်ဇေယျက အမှာစကား ပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးက မိုးစပါး Rice Export Zone ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော် ကောင်စီဝင်၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကွင်းပေါင်း ၁၈ကွင်း၊ တောင်သူပေါင်း ၂၅၀၊ မိုးစပါး Rice Export Zone ဆောင်ရွက်မည့် လယ်မြေဧကပေါင်း ၇၀၀ အတွက် တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ကာ အောင်နိုင်သစ္စာကုမ္ပဏီနှင့် မိုးစပါး Rice Export Zone ဆောင်ရွက်မည့် တောင်သူများ သဘောတူစာချုပ်များ ချုပ်ဆိုနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

**ချောင်းဆုံ ဇူလိုင် ၂၉**

ချောင်းဆုံမြို့နယ် ခရိုက်သစ်ကျေးရွာ ကွင်းအမှတ် (၇၇၉)(ခ) ကေ့ဘတာ (ခ)ကွင်း မြေဧရိယာ ၃ ဒသမ ၄၃ ဧကတွင် နေထိုင်ကြသည့် အိမ်ခြေ ၃၁ အိမ်ရှိ ဒေသခံပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်က အမှာစကားပြောကြားကာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ခရိုက်သစ်ကျေးရွာ အကွက်(၁၀)ထောင်ကုန်းရှိဒေသခံပြည်သူများအား လက်ဝယ်အရောက် ကျေးရွာမြေငှားဂရန်များ ပေးအပ်ခဲ့ကြသည်။ **ကိုကျော်(ချောင်းဆုံ)**

## တွံတေးမြို့နယ်၌ ရပ် / ကျေးအုပ်ချုပ်ရေးမှူးများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**တွံတေး ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး( ၁/ ၂၀၂၆)



သင်တန်းဆင်းပွဲကို ယနေ့ညနေက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော်၏ အခြေခံအုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည့်တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ပြီး ပြည်သူများနှင့် အနီးကပ်ဆုံး ထိတွေ့ဆက်ဆံရသူများဖြစ်သည့်အတွက် ဥပဒေနှင့်အညီ မျှတမှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ ယုံကြည်မှုကိုရရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **မျိုးလှိုင်(တွံတေး)**



## စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ကဝ ဇူလိုင် ၂၉**

ကဝမြို့နယ်၌ ပြည်သူများဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ဆန်၊ ဆီ၊ အသား၊ ငါး၊ ဘဲဥ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ဇူလိုင် ၂၇ ရက်က မြို့နယ်စည်ပင်သာယာဈေးကြီး၌ ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချပေးရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီက ကြီးကြပ်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက် ဆက်သွယ်ကာ သက်သာသောဈေးနှုန်း၊ မှန်ကန်သော အလေးချိန်များ ဖြင့် စားသုံးသူပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ရဲဇော်ဟိန်း (ပြန်/ဆက်)**

## လူငယ်ရေးရာ အသိပညာပေး ဟောပြော

**တောင်ငူ ဇူလိုင် ၂၉**



တောင်ငူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကား ပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်မောင်ကျော်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမီမီခင်၊ အမှတ်(၃၆) မူးယစ်တပ်ဖွဲ့စု(ပဲခူး)မှ ရဲအုပ်မြတ်လင်းခိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေး ဟောပြောဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ ပျိုးပင် ၁၂၀၀ ကျော် စုပေါင်းစိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကျင်းပရာ မှော်ဘီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၂၂၇ ပင်ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## ဘီးလင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ဘီးလင်း ဇူလိုင် ၂၉**



ဘီးလင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ဘီးလင်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၆ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူး ၂၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၉**

မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးရာသီတွင် Rice Export Zone စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ ခရိုင်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက Rice Export Zone စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းကာ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ပေးအပ်ခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ မတ်ပဲ ၂၁၇ ဧကအတွက် TBL-9 မျိုးစေ့များ ပေးအပ်

**ကျောက်တံခါး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား အိန္ဒိယနိုင်ငံအကူအညီဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project – QIP) စီမံကိန်းအရ TBL-9 မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်က မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြို့နယ်သမဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီ၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ သမဝါယမအသင်းသုံးသင်းမှ အသင်းသား ၇၂ ဦး၏ မတ်ပဲစိုက် ဧက ၂၁၇ ဧကအတွက် TBL-9 မတ်ပဲ မျိုးစေ့ အိတ် ၈၇၀ ကို အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ သြဂုတ်လ(၂၇) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းမြို့နယ်တရားရုံး၏ ရာဇဝတ်မှု(၅၂)မှုနှင့် ရာဇဝတ်မှု(၁၃)မှုတို့မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော တရားမဝင်ရွှေသတ္တု တူးဖော်ရာတွင် အသုံးပြုနိုင်သည့် ဆက်စပ်ပစ္စည်းများ ပါဝင်သော Lot (၁၅) ခုနှင့် သံရည်ကျို ဆောင်ရွက်ရန် Lot(၃၃)ခုတို့အား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံ စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လေလံလျှောက်လွှာရောင်းချမည့်ရက်** - (၃-၈-၂၀၂၆) ရက်မှ (၁၇-၈-၂၀၂၆) ရက်အထိ
(ခ) **လေလံလျှောက်လွှာရောင်းချမည့်နေရာ** - ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့
(ဂ) **လေလံတင်ရောင်းချမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်
(ဃ) **လေလံတင်ရောင်းချမည့်နေရာ** - ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၉၄၆၉၅၅၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ပန်းရောင်ကတ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် စောကျော်ကျော်လွင်(၁၂/မရက(နိုင်)၁၃၃၁၃၃) ကိုင်ဆောင်သော Kyel Sin Phyo Co., Ltd မှ အကောက်ခွန်ရှင်းလင်းရေးကတ်(ပန်းရောင်ကတ်) ကတ်အမှတ်-519450 (2024-2026) သည် ပျောက်ဆုံးသွားပါကြောင်းနှင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စောကျော်ကျော်လွင်**
**ဖုန်း-၀၉-၇၇၇၂၃၇၂၁၉၊ ၀၉-၇၆၂၄၄၇၀၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ မြေကွက်အမှတ်(၇/၈)၊ တိုက်အမှတ်(၂၅/ ၂၆) ဟုခေါ်တွင်သည့်(၄)ခန်းတွဲ(၈)ထပ်ခွဲ ကွန်ဒိုအဆောက်အအုံ၏ အခန်း အမှတ် (B-1)၊ (၂)လွှာ၊ အကျယ်အဝန်း (၁၆၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁) ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်သော ၁။ ဦးသန်းအေးကျော် (၁၁/စတန (နိုင်)၀၃၃၁၀၁)၊ ၂။ ဒေါ်စန်းစန်းအေး (၁၁/စတန(နိုင်)၀၀၁၃၄၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးသိန်း (B.A,PGDL) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**
**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၀၉၀၅၅၃၊၀၉-၈၉၉၂၉၉ ၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင် အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A3)၊ အခန်းအမှတ် (1007)၊ Type (A)၊ Area (1185) sqft ရှိ ၎င်းကွန်ဒိုတွင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးချစ်ကိုကို ၁၂/တမန(ဧည့်)၀၀၀၃၆၄ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီ ဖြစ်ပါ သည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံ သော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဥ္ဇာအောင်**
**၂/လကန(နိုင်)၀၅၂၁၄၁**
**Ph-09-266594964**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6190 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက် ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက် အမှတ် (ဏ-၈)၊ ဦးပိုင်အမှတ် (၁၀-ခ)၊ ၆၂ လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်အေးရွှေ ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၃၆၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သောသမီးဖြစ်သူ ဒေါ်နွယ်ဝါ ထွန်း ၉/မရမ(နိုင်)၀၅၃၂၇က အမှုတွဲအမှတ် (၁၄၄၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက် အမှတ် (၅၀၄)၊ ဦးပိုင်အမှတ်(၃၄-စ)၊ ၁၀၄လမ်း၊ ၈၂ x ၈၃လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သော ဦးစိန်သောင်း၊ ဒေါ်စန်းစန်းဝင်းတို့(၂)ဦး အနက် ဦးစိန်သောင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၃၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝင်း ၉/မရတ(နိုင်)၀၃၃၁၆၄က အမှုတွဲအမှတ်( ၁၄၁၇/ ၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အ.ထ.က (ခွဲ) ဖြူးစခန်းကျောင်း၏ G-12 ကျောင်း သူ မရီဝေယဉ်ထွန်း၏ ဖခင်အမည် မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၁၄/ဘကလ(နိုင်)၁၉၈၇၀၆ အရ ဦးဝင်းထွန်းနိုင် ဖြစ်ပါ ကြောင်း။

## အမည်ပြောင်း

ဦးကျော်ကျော်မိုး၏ သမီး ဖြစ်သူ ဘိုကလေးမြို့နယ်၊ အထက (စက်ဆန်း) ကျောင်းမှ G-6 ကျောင်းသူ မကြည်ရှင်း ထက်အား မချမ်းမြေ့ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၅) စည်ပင်လမ်း၊ မြေကွက်အမှတ် (၉၈၀/က)ရှိ အကျယ်အဝန်း အလျား ပေ(၂၀) အနံပေ(၆၀) ၊ဧရိယာ (၀.၁၁ဒသမ၀၂၇၅) ဧက စတုရန်းပေရှိ ဦးထန်ခေါ်မင်းကျင်း (၄/တတန(နိုင်)၀၁၀၈၀၃၊ ဒေါ်နိန်ဟောက်ကျင်း(၄/တတန(နိုင်)၀၀၃၆၄၃ အမည် ပေါက် နှစ် (၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးထန်ခေါ်မင်း ကျင်း (၄/တတန(နိုင်)၀၁၀၈၀၃၊ ဒေါ်နိန်ဟောက်ကျင်း (၄/တတန(နိုင်)၀၀၃၆၄၃ တို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးရွှေမိုး (၉/ညဥန(နိုင်) ၁၅၉၉၂၁)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ဦးရွှေမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L, D.I.L, WIPO DL-101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၂၂)၊ ဦးပိုင်အမှတ် (၂၄)ခဲစင်း၊ ၆၇x၆၈ ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သောင်း၏ (SP ရရှိသူ ဦးအောင်ငွေဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၀၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီထွန်း ၉/နထက(နိုင်)၀၉၆၁၅၆က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲ အမှတ် (၁၄၂၆/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၂၂)၊ ဦးပိုင်အမှတ်(၂၄)ခဲစင်း၊ ၆၇ x ၆၈ကြား၊ ၁၃၃ x ၁၃၄လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သောင်း ၏ (SP ရရှိသူ ဦးအောင်ငွေဦး )ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၀၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွေး နွေးအောင် ၉/ပကခ(နိုင်)၀၅၉၁၀၅ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ်(၁၄၂၇/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၂၇-င)၊ ဦးပိုင် အမှတ်(၃၉)၊ ယာမြေဧရိယာ (၁၁ဒသမ၀၃)ဧကမှာ ဦးစောထွန်းမင်း (ဘ) ဦးကောက်ရ ၉/စကတ(နိုင်)၀၆၇၈၃၉ အမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)၊ မြေစာရင်းပုံ (၁၀၅)တို့သည် ဦးစော ထွန်းမင်း တစ်ဦးတည်းသာ ပိုင်ဆိုင်ပါသည်။ ကန့်ကွက်လိုပါက သတင်းစာထွက်ရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစောထွန်းမင်း**
**ဖုန်း-၀၉-၇၉၀၇၀၀၀၈၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၅၅)၊ ယခင်ဦးပိုင်အမှတ် (၂က/၁)မှခွဲထွက် (ယခုလျှောက်ထားဆဲ ဦးပိုင်အမှတ် ၂က/၂)၊မြေဧရိယာ (၀.၆၄၁)ဧကခန့်အကျယ်ရှိ အရှေ့လားသော်-ရေချောင်း၊ အနောက်လားသော်- မန္တလေး-လားရှိုးလမ်း၊ တောင်လားသော်-ဦးနီ၊ မြောက်လားသော်-ဒေါ်ခင်သန္တာထွန်းနှင့် ဖောင်တော် သီကဖေး၊ နယ်လေးရပ်အတွင်းရှိ မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်၊ ရေ၊ မီးမီတာ အပါအဝင် ဝင်းခြံအကာအရံအပါအဝင်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ် တို့၏ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ဒေါ်နန်းခင်ဝင်း(ဘ)ဦးစိုင်းရီ (၁၃/လရန(နိုင်) ၀၀၆၁၂၂)က လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ၎င်းထံတွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီခဲ့သဖြင့် စရန်ငွေတချို့တစ်ဝက်ကို ပေးချေ ထားပြီးဖြစ်ပါသည်။ မြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ရောင်းချသည့် မြေကွက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ဖော်ပြပါ အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၁)**
**နွယ်နင်းရပ်၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့ ၊**
**ဖုန်း-၀၉-၇၉၇၆၁၃၇၁၀/၀၉-၉၆၀၇၉၀၇၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင် အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A4)၊ အခန်းအမှတ် (312) Type (A)၊ Area (622) sqft ရှိ ၎င်းကွန်ဒိုတွင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကွန်ဒိုရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကိုကိုဇံ ၁၁/စတန(နိုင်)၀၅၁၆၆၄ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသော စာချုပ် စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဝေဇင်အောင်**
**၁၄/ဖပန(နိုင်)၁၄၉၁၇၀**
**ဖုန်း-၀၉-၅၀၁၀၀၇၄**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၁၆၈၉, Honda Dream 125, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ရွှေဦး ၆/ထဝန(နိုင်)၁၀၀၂၄၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၇၇၂၅၃, Honda Wave 110, m/c ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၆/ထဝန(နိုင်)၀၀၁၆၇၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၈၁၈၁၁, Honda Wave 100, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းချို ၆/ထဝန(နိုင်) ၁၅၁၄၅၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၂၈၇၄, Honda Wave NS 110 i, m/c ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးအေးနွယ် ၆/ထဝန(နိုင်)၀၀၄၃၀၆ က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး ၍မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါ ရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၆)၊ မြေကွက်အမှတ် (၄၃၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဆွေတင့် (AA- ၀၄၀၄၃၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမျိုးမောင်မောင် (၁၄/ဇလန(နိုင်) ၁၀၉၅၆၂) နှင့် ဒေါ်နွယ်နီဝင်း (၁၂/ဥကတ (နိုင်) ၁၈၁၉၄၄)တို့ထံမှ ကျွန်မ ဒေါ်စိုးအိအိမိုး (၁၂/ဒဂမ (နိုင်) ၀၃၆၆၅၈)က ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ဒေါ်စိုးအိအိမိုး (၁၂/ဒဂမ (နိုင်) ၀၃၆၆၅၈)**
**၀၉- ၉၅၁ ၂၄၈ ၁၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ သီရိမင်္ဂလာလမ်းသွယ် (၂)လမ်း၊ ခြံအမှတ်(**50/B-1**)၊ မြေကွက်အမှတ် (၄အမ်/၁-က)၊ အကျယ်အဝန်း (၀.၁၃၁)ဧကရှိ ဦးဟန်မင်း (၁၂/ကမရ(နိုင်) ၀၄၄၁၂၉) အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဟန်မင်းထံမှ ကျွန်တော် ဦးလင်းထွဋ်ဆွေ (၁၄/အမန (နိုင်) ၀၈၈၂၄၆)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းထွဋ်ဆွေ (၁၄/အမန (နိုင်) ၀၈၈၂၄၆)
၀၉- ၇၇၇ ၇၇၇ ၉၁၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)ရပ်ကွက်၊ စေတနာ(၁)လမ်း မြေကွက်အမှတ်(၃၅၄) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ် ( ၃၅၅)နှင့် ကပ်လျက်အခြမ်း]မြေအလျားx အနံပေ(၂၀'x၆၀')ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ် (၆၀) မြေငှားဂရန်မူရင်း အမည်ပေါက် ပိုင်ဆိုင်သူ ဦးသောင်းစိန် (TKA-023339) ကွယ်လွန်သဖြင့်၎င်း၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သားဖြစ်သူ ဦးကျော်ကျော်လတ် (၁၂/သကတ(နိုင်)၁၄၀၅၈၅)နှင့် အမွေမမီမြေးဖြစ်သူ ဦးကျော်မင်းပိုင် (၁၂/ဒဂမ(နိုင်)၀၄၇၂၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးမြင့် (၈/ပခက(နိုင်)၁၉၂၂၄၆) မှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ အောင်ဇေယျ(၁၀)လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၁/ဗညားဒလ)၊ မြေကွက်အမှတ်(၁၂၀၈/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)၊ ဧရိယာ (၀.၀၂၇)ဧက၊ စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်ဇီနာတန်နီဆာ အမည်ပေါက်သည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇီနာတန်နီဆာ (၁၂/ပဘတ(နိုင်)၀၀၉၅၂၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေ နှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B., WIPO (Switzerland)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ Ph:09-420088970**

MAEX
MYANMAR AGRO EXCHANGE PUBLIC CO., LTD.
မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

## ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## (10th Annual General Meeting) အား

## Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းအသိပေးကြေညာခြင်း

၁။ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MAEX)၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို Online အသုံးပြုပြီး ၂၈.၈.၂၀၂၆ ရက်နေ့ (သောကြာနေ့) နံနက်(၁၀:၀၀) နာရီတိတိအချိန်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၂၆ခုနှစ် ဩဂုတ်လ (၂၈ )ရက်(သောကြာနေ့)

ကျင်းပမည့်အချိန် - နံနက်(၁၀:၀၀)နာရီတိတိ

ကျင်းပမည့်ပုံစံ - ZOOM WEBINAR

၂။ ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပပြုလုပ်မည့် အသေးစိတ်အချက်အလက်များအား ကုမ္ပဏီ၏ Website https://www.maex.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အစည်းအဝေးတက်ရောက်ရန် မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် အစုရှယ်ယာရှင်များမှ မှတ်ပုံတင်ထားသော တယ်လီဖုန်းနံပါတ်များသို့ Website Link ကို SMS ဖြင့် ပေးပို့သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ် သိရှိလိုသည်များရှိပါက MAEX ၏ ရှယ်ယာဌာနဖုန်းနံပါတ် ; 09 889955485 , 09 883016868 များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ (၃/ မာန်ပြေ)ရပ်ကွက်၊ သုမနလမ်း၊ မြေကွက်အမှတ် (၂၁၆/ ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးရန်ရှင်းမင်း (၁၃/ လလန (နိုင်)၀၅၃၃၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးရန်ရှင်းမင်းထံမှ ကျွန်မ ဒေါ်သန်းကြည် (၁/မကန (ပြု) ၀၀၀၃၉၃)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သန်းကြည် (၁/မကန (ပြု) ၀၀၀၃၉၃)
၀၉- ၂၄၀ ၁၇၉၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၃၇၇/က) ဟုခေါ်တွင်သော မြေအလျားxအနံ (၂၃x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းအိဖြူ (၃/ကကရ(နိုင်)၁၂၈၆၇၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစောမြသန်းလင်း (၃/ဘအန(နိုင်)၁၂၁၄၇၂) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ ရှာမ အထက (ခွဲ)(စက်ရုံ)ကျောင်း G-9 တွင် ပညာသင်ကြားနေသော မသန္တာဝင့်ဇော်၏ မိခင် ဒေါ်စန်းစန်းအေး၏ အမည်မှန်မှာ ဒေါ်စမ်းစမ်းအေး ၉/လဝန(နိုင်)၀၃၇၂၆၅ ဖြစ်ပါကြောင်း။

ဒေါ်စမ်းစမ်းအေး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၇၅၊ ဦးပိုင်အမှတ် ၅၃/၄၉x၅၀လမ်းကြား၊ ၁၂၀ x ၁၂၁လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းထွန်းအောင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်ဆွေဦး ၉/မရမ(နိုင်)၀၆၁၄၉၃ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ သမိန်ဗရမ်းလမ်း၊ မြေကွက်အမှတ် (၁၂၅၀)ရှိ အကျယ်အဝန်း အလျား ပေ(၄၀) xအနံပေ(၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၁၂၅၂)နှင့် ကပ်လျက်ရှိသော အကျယ်အဝန်း အလျား ပေ(၂၀)xအနံပေ(၆၀)၊ ဧရိယာစတုရန်းပေ(၁၂၀၀) ရှိ ဦးနေဝင်း (AMA-095711) အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးဆန်းလင်း (၁၂/ဗဟန (နိုင်) ၀၂၄၁၁၃) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နီအောင် (၁၂/ဥကမ(နိုင်)၁၉၃၈၆၇)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်နွယ်နီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဂျူလိုင်မိုး (LLB, D.B.L, D.I.L, WIPO DL-101 Switzerland)
အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)
ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/ခဲလယ်တောင်ရပ်)၊ ဦးပိုင်အမှတ် (၈)၊ မြေယာအမှတ် (42, 43)၊ ဧရိယာ (၀ဒသမ၁၄၅) ဧကအနက်မှ ခွဲစိတ်၍ ပေ (၅၀ x ၆၀) ရှိ ဂရန်အမှုတွဲအမှတ် (၄၃၉/၁၉၉၉-၂၀၀၀) အရ ဒေါ်စီတီလက်ချမီးဒေဝီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံသူများဖြစ်ကြသော ဒေါ်စလိုကျီနား (DL-၀၁၆၁၇၆)၊ ဒေါ်စိန်မြင့် (၉/မမန (နိုင်) ၀၁၄၈၃၄)၊ ဒေါ်လချ်မီး (ခ) လက်ချမီး (၉/မမန (နိုင်) ၀၁၅၉၅၆)၊ ဒေါ်ရှန်သီး (၉/မမန (နိုင်) ၀၁၆၇၁၆)၊ ဒေါ်စူစီမာ (၉/မမန (နိုင်) ၀၁၅၉၅၅) တို့မှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံပိုင်ခွင့်အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစွန်ဒါရ် (ခ) ရာဂျူး (၉/မမန (နိုင်) ၀၄၄၃၈၈) မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပိုးအိဖြူ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၅၂၆)
ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း- ၀၉-၇၈၉၁၄၂၄၁၉

## ကြော်ငြာစာ

### ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)

### အောင်မြေသာစံခရိုင်တရားရုံးတော်

### ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၅

**ကွယ်လွန်သူ ဦးညွန့်ရှိန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံခရိုင်၊ တောစုကျေးရွာ၊ မင်းကန်ကျေးရွာအုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွန့်ရှိန် ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးခိုင် က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွန့်ရှိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည် ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (၁၃၈၈ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်)၌ မိမိတို့ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးခိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြတ်ဇင်)
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## CNG (Gas)စာအုပ်

### ပျောက်ဆုံးသွား၍တွေ့ရှိပါက

### အကြောင်းကြားပေးရန် ကြေညာခြင်း

ဦးမျိုးမင်းစိုး (၁၂/အစန (နိုင်) ၀၀၀၀၅၅) ပိုင်ဆိုင်သော CC-9477 (CNG) ဝယ်ယူခွင့်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၇၉၀၂၄၁၆၁၀

## သင်္ဘောသားစာအုပ်ပျောက်

(ဘ) ဦးစိန်မောင်၏ သား ကျွန်တော် မောင်ပြည့်ဖြိုးပိုင် (၉/မခန(နိုင်)၁၈၆၅၈၀)၏ သင်္ဘောသား စာအုပ်နံပါတ် 69723 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၇၁၇၆၁၅၇၊
၀၉-၄၄၁၉၀၆၉၀၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြသိန်းတန်ဘုရားလမ်းနှင့် ပတ်လမ်းထောင့်၊ ကွင်းအမှတ်(၉၈၈-က/၂)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်(၈၉/၁၈၈)၊ ဦးသက်ဝင်းအောင် အမည်ဖြင့် မြေခွန်ပြေစာ စည်းကြပ်ထမ်းဆောင်ထားသော ဧရိယာ(၀.၀၅)ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲထွဋ်မှူး ၁၄/ဖပန(နိုင်)၁၁၃၂၈၂နှင့် ဒေါ်သီရိနွယ် ၇/တငန(နိုင်)၁၉၃၇၁၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဝင်း (ဘ)ဦးညိုဆန်း၊ ၁၂/လမန(နိုင်)၀၃၅၅၁၆ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယုယုလွင် (LL.B,D.B.L) (စဉ်-၁၅၇၄၅) (တရားလွှတ်တော်ရှေ့နေ)
မေဃဝတီ(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊ ဖုန်း-၀၉-၇၉၇၆၅၄၂၅၀

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ပ-၉၊ ဦးပိုင်အမှတ် ၁၈/၃၆x၃၇လမ်းကြား၊ ၅၉A လမ်း x ၆၀လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးတင်နွယ် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်အောင်ရီ ၉/မရမ(နိုင်) ၀၅၈၈၅၀က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ဒ-၅၊ ဦးပိုင်အမှတ် ၇၉/၆၂x၆၃ လမ်းကြား၊ ၃၈ A လမ်းရှိ ဦးကြွက် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကြွက်၊ မိခင် ဒေါ်ပြေရင်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်ကြသော ဦးသန်းကို ၉/မရမ(နိုင်)၀၇၂၇၃၄၊ ဒေါ်ထိုက် ၉/မရမ(နိုင်)၀၇၂၇၅၆၊ ဦးဇော်ဝင်းမောင် ၉/မဟမ(နိုင်)၀၀၇၆၂၂၊ ဒေါ်ရွှေဝါခိုင် ၉/မဟမ(နိုင်)၀၂၃၁၄၁တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၀-က၊ ဦးပိုင်အမှတ် ၂၂/၄၁x၄၂ လမ်းကြား၊ ၈၃လမ်းနှင့် ရွှေတချောင်းလမ်းကြားရှိ ဦးအောင်မြင့်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးအောင်မြင့်၊ မိခင် ဒေါ်ဝင်းကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးတို့ဖြစ်ကြသော ဦးဇော်လင်းအောင် ၉/မရတ(နိုင်)၀၀၀၂၀၁၊ ဒေါ်ချောစုလှိုင် (၉/မရတ(နိုင်)၀၀၀၂၀၄၊ ဒေါ်ဖြူဝင်းမွန် ၉/မရတ(နိုင်)၁၁၄၃၇၃၊ ဦးအောင်သူရ ၉/မဟမ(နိုင်) ၀၀၇၀၁၆ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၈၁

| | | |
|---|---|---|
| ဒေါ်ဖျတ်တီလ် | နှင့် | ဦးခင်မောင်ညွန့် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ဦးစလမ်း၊ အမှတ်-၇၈၉ နေ တရားပြိုင် ဦးခင်မောင်ညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက " ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၊ ၆ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ(၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့်သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြယာရိုးရပ်ကွက်အမှတ် (၅) နယ်မြေ၊ မြေကွက်အမှတ် (-)ဟုခေါ် တွင်သော (၀.၁၃)ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်သန်း (၁၂/သလန(နိုင်) ၁၀၃၆၉၄)ထံမှ ကျွန်တော် ဦးမင်းအောင်အောင် (၁၂/ဒဂတ (နိုင်)၀၈၇၆၄၅) က ၃-၁၂-၂၀၂၄ရက်က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်သည် အဆိုပါနေ့ထဲက အရှုပ်အရှင်းကင်းစွာ တရားဝင်လက်ရှိပိုင်ဆိုင်သွားပြီဖြစ်ကြောင်းနှင့် ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်မြင့်မြင့်သန်း (၁၂/သလန(နိုင်)၁၀၃၆၉၄)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းအောင်အောင်
၁၂/ဒဂတ(နိုင်)၀၈၇၆၄၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၅)လမ်း၊ မြေကွက်အမှတ် (စီ – ၅၃)၊ အလျား x အနံ ပေ(၄၀ x ၆၀)အကျယ်ရှိ ဦးနာရာဆပ် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇာနည်စစ်နိုင် (ဘ) ဦးကြည်ဝင်း (၁၂ /သလန(နိုင်)၁၀၄၄၂၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဒေါ်ရွှေရင် (ဘ) ဦးဟွေဟန် (၁ / မညန (နိုင်) ၀၀၁၆၃၆)၊ (၂) ဒေါ်ရွှမ်းတီ (ဘ) ဦးဇော်ဝင်း (၁/မကတ (ဧည့်)၀၀၀၈၁၃) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဇာနည် | ဒေါ်အိအိမော်(ခ) | ဒေါ်ခင်သီတာမြင့်အောင် |
| (LL. B, DBL, DIPL, DIL) | ဒေါ်အိသဥ္ဇာအောင် | (LL. B, DBL) |
| (စဉ်-၁၄၆၆၈) | (LL. B, DIPL) | (စဉ်-၂၀၀၇၈) |
| | (စဉ်-၁၈၇၂၆) | |

တရားလွှတ်တော်ရှေ့နေများ
ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
သန်လျင်မြို့၊ ဖုန်း – ၀၉-၇၉၇၀၇၅၃၁၂

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၂၊ ဦးပိုင်အမှတ် ၅၅/၄၁x၄၂လမ်းကြား၊ ၅၆x ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နွဲ့ယဉ် ၅/တဆန(နိုင်)၀၀၁၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ သံမဏိရပ်ကွက်၊ အောင်သပြေလမ်း၊ တောရကြီးကျောင်းနောက်နေ (ဘ)ဦးဝင်းလှိုင် ၁၁/ မအန(နိုင်) ၀၀၄၅၁၈နှင့် (မိ) ဒေါ်ဖြူလေးသွယ် ၇/ကတခ(နိုင်) ၁၄၈၄၂၃တို့၏ သား မောင်ထက်နိုင်အောင် ၇/ကတခ(နိုင်) ၂၅၁၉၄၆သည် မိဘ၏ ပြောဆိုဆုံးမစကားများကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုမူလုပ်ဆောင်နေထိုင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းမောင်ထက်နိုင်အောင်နှင့်ပတ်သက်သော ပြဿနာအရှုပ်အရှင်းများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းလှိုင် ၁၁/မအန(နိုင်) ၀၀၄၅၁၈
ဒေါ်ဖြူလေးသွယ် ၇/ကတခ(နိုင်) ၁၄၈၄၂၃

## အားကစားရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန
## စစ်တွေမြို့၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် (ဒုတိယအကြိမ်)ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စီမံကိန်းလုပ်ငန်းအမည် |
|---|---|
| (က) | စစ်တွေမြို့၊ ဝေသာလီဘောလုံးကွင်းအတွင်း ဘက်စုံသုံးအားကစားခန်းမတည်ဆောက်ခြင်းလုပ်ငန်း (၂၀၀'x၁၃၀') (RC+Steel Structure) ပွဲကြည့်စင် (၂)ထပ် (ထိုင်ခုံ ၂၅၀၀ လုံး)တပ်ဆင်ခြင်း ၊ LED Score Board (6m x 4m)(၂ စုံ)၊ (၂)ထပ်လျှာထိုးကြမ်းခင်းခင်းခြင်း၊ PA System CCTV တပ်ဆင်ခြင်း Air Con တပ်ဆင်ခြင်း၊ Apron & Drain အတွင်းရေ၊ မီး၊မိလ္လာအပါ |
| (ခ) | စစ်တွေမြို့၊ ဓညဝတီအားကစားသမား အိပ်ဆောင်(၂)ထပ် တည်ဆောက်ခြင်းလုပ်ငန်း (၁၀၀'x၂၅'x၂၄') (ရေ၊ မီး၊ မိလ္လာ) အပါ |
| (ဂ) | စစ်တွေမြို့၊ဓညဝတီအားကစားခန်းမခြံဝင်းအတွင်း(၉၄'x ၅၀') ဘက်စကက်ဘောကွင်းတည်ဆောက်ခြင်းလုပ်ငန်း |
| (ဃ) | ကျောက်ဖြူမြို့နယ်၊ အားကစားခန်းမ(၁၂၀'x၉၀')ကြမ်းခင်း ပြုပြင်ခြင်း၊ ခေါင်မိုးမိုးခြင်း၊ ဆေးသုတ်ခြင်း၊ ရေ၊ မီး၊ မိလ္လာ၊ ပြတင်းတံခါးများ ပြုပြင်ခြင်းလုပ်ငန်း |

၂။ တင်ဒါလျှောက်လွှာများကို ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင်(၁၃-၇-၂၀၂၆) ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ (၁၂-၈-၂၀၂၆)ရက် ညနေ(၄:၃၀) နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

**ဖုန်းနံပါတ်-၀၉-၄၀၉၃၇၄၄၆၆**
**ရခိုင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**
**စစ်တွေမြို့**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကြာအင်းကုန်းကျေးရွာအုပ်စု၊ မိချောင်းအိုင်ကျေးရွာနေ မောင်အာကာကျော် ၇/ကတခ(နိုင်) ၂၆၄၈၃၈ ၏မိခင် မဇင်မာဦး၏ အမည်မှန်မှာ မမိုးဦးဖြူ ၇/ကတခ (နိုင်)၀၈၉၃၁၇ ဖြစ်ပါကြောင်း။

**မမိုးဦးဖြူ ၇/ကတခ(နိုင်) ၀၈၉၃၁၇**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလက မဃဿမံ(ဆင်) Grade-6 မှ မထားအိစံ ၏ ဖခင်အမည်မှန်မှာ ဦးဖိုးစံ ၁၄/ဓနဖ(နိုင်)၁၆၈၀၈၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၅)လမ်း၊ မြေကွက်အမှတ် (၂၀၉)ရှိပေ(၄၀x၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊(၅)ထပ်တိုက်၏ (၁၇x၅၄)ပေအကျယ်ရှိ (ခေါင်းရင်းခန်း)၊ (မြေညီထပ်)၊ အခန်းအမှတ်(A-1)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ကိုယ်ပိုင်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန္ဒာဝင်း(၁၃/လရန(နိုင်)၀၁၅၁၉၈)မှ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဒေါ်ဇွန်မေဇင် (၁၂/ဥကမ(နိုင်)၂၅၇၅၉၄)မှ ဝယ်ယူရန် ရောင်းဖိုးစရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇွန်မေဇင်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉ ၅၄ ၀၇၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ ၁၇/၃၄)၊ (၂၀) ရပ်ကွက်၊ ဝိဇ္ဇာညီနောင်လမ်း၊ မြေကွက်အမှတ် (၁၅၃၃/ခ)၊ ပေ (၂၀x၆၀) အကျယ်အဝန်းရှိသော ဒေါ်တင်တင်မြင့် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ ရေမီးအစုံပါဝင်သော (၂)ထပ် အဆောက်အအုံ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း မွေကဟဝန်ခံပြောဆိုလာသူ ဦးမောင်မောင်စိုး (ဘ) ဦးယူနစ် ၁၂/ လသယ (နိုင်) ၁၂၇၅၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါအိမ်ခြံမြေကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နီလာဝင်း LL.B, D.B.L, D.M.L, D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၁)**
**ဖုန်း-၀၉-၄၄၈၀၀၈၇၉၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဟားခါးမြို့
## တင်ဒါအမှတ်စဉ်(၃/၂၀၂၆)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၊ ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါအား စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် နေ့ရက်/အချိန်/နေရာ** - (၃-၈-၂၀၂၆)ရက် နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီ ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဟားခါးမြို့

( ခ ) **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန်** - (၇-၈-၂၀၂၆)ရက် ညနေ(၄:၀၀)နာရီ

( ဂ ) **စာအိတ်(A) နှင့် စာအိတ်(B) - နောက်ဆုံး တင်သွင်းရမည့် နေ့ရက်/အချိန်** - (၈-၈-၂၀၂၆)ရက်၊ ညနေ(၃:၀၀)နာရီ

(ဃ) **Pre-bid Meeting ကျင်းပမည့်ရက်** - (၇-၈-၂၀၂၆)ရက်၊ နံနက်(၉:၃၀)နာရီ

( င ) **တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်၊အချိန်** - (၁၀-၈-၂၀၂၆)ရက်၊ နံနက်(၉:၃၀)နာရီ

( စ ) **တင်ဒါစိစစ်ရွေးချယ်မည့် နေရာ** - ထပ်မံကြေညာပါမည်

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ဤဦးစီးဌာန ရုံးဖုန်း(၀၇၀-၂၂၄၂၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-7 တွင် ပညာသင်ကြားနေသည့် မနှင်းဟေမာန်၏ ဖခင် ဦးလေးကို၏အမည်မှန်မှာ ဦးလေးကိုကို ၉/ညဥန(နိုင်) ၁၃၃၇၁၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-7 တွင် ပညာသင်ကြားနေသည့် မောင်ကျော်ဇင်ထက် ၏ဖခင် ဦးကျော်ထွေး ၏ အမည်မှန်မှာ ဦးကျော်ကျော်ထွေး ၈/ဆဖန(နိုင်)၀၅၇၇၅၁ ဖြစ်ပါကြောင်း။

## Afiqa noon Tiktok Accountပိုင်ရှင်နှင့်အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးမြတ်ဝေ(ခ)ဆောင်းရိပ်နွေး(၉/စကတ(နိုင်) ၁၃၁၆၈၁) ၏ ခွင့်ပြုချက်မရှိဘဲ Afiqa noon Tiktok Account မှ ဒေါ်စိုး မြတ်ဝေ(ခ) ဆောင်းရိပ်နွေး ၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖြန့်ဝေထားသော ဓာတ်ပုံများ ဗီဒီယိုများ၏အောက်တွင် ဒေါ်စိုးမြတ်ဝေ(ခ)ဆောင်းရိပ်နွေး အား ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ အသရေပျက်စေသောအရေးအသားများဖြင့် ရေးသားနှောင့်ယှက်နေခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ရပ်တန်းမှရပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် ဒေါ်စိုးမြတ်ဝေ(ခ)ဆောင်းရိပ်နွေးနှင့်ပတ်သက်၍ Afiqa noon Tiktok Account နှင့် အခြားသော Tiktok, Facebook, Page, Telegram, Viber အစရှိ သည်တို့မှ မမှန်မကန်ကြေညာခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖြန့်ဝေခြင်း၊ ဆက်သွယ်ရေး ကွန်ရက်ကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေပျက်စေခြင်း စသည်တို့ကို မပြုလုပ်ပါရန်နှင့် ဆက်လက်ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးမြတ်ဝေ(ခ)ဆောင်းရိပ်နွေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဖြူနှင်း (LL.B, D.B.L,D.I.P.L)အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉- ၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသစ္စာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၈၇၇)၊ အလျား x အနံပေ(၄၀ x ၆၀)အကျယ်ရှိ ဦးခင်ဦး အမည်ပေါက် မြေကွက် အနက် အလျား x အနံပေ(၂၀ x ၆၀) အကျယ်ရှိ (ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးခင်ဦး (ဘ) ဦးသောင်း (၁၂/သလန(နိုင်)၀၂၉၄၆၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့သိန်း (ဘ) ဦးသိန်းထွန်း (၉ /ပဘန(နိုင်)၀၀၁၉၇၈) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL. B, DBL, DIPL, DIL)** | **ဒေါ်အိသဉ္ဇာအောင်** | **(LL. B, DBL)** |
| **(စဉ်-၁၄၆၆၈)** | **(LL. B, DIPL)** | **(စဉ်-၂၀၀၇၈)** |
| | **(စဉ်-၁၈၇၂၆)** | |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၇၉၇၀၇၅၃၁၂**

## လူမှုကွန်ရက်မှ "Hnin Nilar Ag San" TikTok Account ပိုင်ရှင်နှင့် အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ နယ်မြေ (၂)၊ ရပ်ကွက်(၁)၊ အိမ်အမှတ် (က/၂၆)၊ မိုင်းမောလမ်းနေ ဒေါ်မြင့်မြင့်ထွေး (ခ) ဒေါ်မီးမီး(ဘ)ဦးတင်အောင်(၉/မကန(နိုင်)၀၈၃၀၉၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

လူကြီးမင်းသည် လူမှုကွန်ရက် စာမျက်နှာပေါ်တွင် "Hnin Nilar Ag San" TikTok Account ဖြင့် ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်သော Post နှင့် video ဖိုင်များတင်ခဲ့ပါသည်။ အဆိုပါ Post နှင့် videoဖိုင်များတွင် ပါရှိသော အရေးအသား၊အပြောအဆိုများသည်ကာယကံရှင်အတွက် များစွာဂုဏ်သိက္ခာ ထိခိုက်နစ်နာစေပါသည်။

"Hnin Nilar Ag San " TikTok Account ပိုင်ရှင်အနေဖြင့် အဆိုပါ Post နှင့် video ဖိုင်များအတွက် ပြန်လည်တောင်းပန်ခြင်း၊ ရပ်သိမ်းခြင်းများကို မပျက်မကွက်ပြုလုပ်ပေးပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ နာမည်သတင်းပျက်စီးစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အွန်လိုင်းမှဖြစ်စေ၊ ဆက်သွယ်မှု ကွန်ရက်များမှဖြစ်စေ၊ သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်ပြုမူပြောဆိုသူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီဝင်း( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၉၁၂၀)**
**နယ်မြေ(၁၆)၊ ရပ်ကွက်(၁၂)၊လားရှိုးမြို့၊ ဖုန်း-၀၉-၄၀၃၇၄၇၇၂၉**

## အသိပေးကြေညာချက်

၁။ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းခြေဒေသများဖြစ်သည့် ရွှေသောင်ယံ၊ ချောင်းသာ၊ ငွေဆောင်၊ ဂေါ်ရင်ဂျီ၊ ဟိုင်းကြီး အပါအဝင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ်အသီးသီးတွင် တည်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနှင့်အညီ လျှောက်ထားရယူခြင်းမရှိဘဲ မိမိတို့၏သဘောဖြင့် နယ်နိမိတ်သတ်မှတ်၍ ခြံခတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို ဆောင်ရွက်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ကျူးလွန်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ ထိုသို့ကျူးလွန်ဆောင်ရွက်သူများအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)ပါ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်တွင် ရယူလုပ်ကိုင်အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့လျှောက်ထားသည့်အခါ ဗဟိုကော်မတီသို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက ခွင့်ပြုရန်မသင့်သည့်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူအသုံးပြုလျှင်သော်လည်းကောင်း ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ဝင်ရောက် ကျူးကျော်နေထိုင်ခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း၊ ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး စီမံခန့်ခွဲရေးကော်မတီတို့၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြုသူမည်သူမဆို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၇ နှင့် ပုဒ်မ၂၇-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## သက်ဆိုင်သူများသိရှိနိုင်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၈၊ မြေကွက်အမှတ် (၈၆၉+၈၇၀)၊ (လူနေရပ်ကွက်- အမှတ်-၈၆၉+၈၇၀၊ သီရိမြိုင်လမ်း ၇၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်) အကျယ် (ပေ ၉၀/၈၃-ပေxပေ ၆၀)၊ ဦးအုန်းကြိုင် (ABN- 041595) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးကျော်သူ (၁၂/ကတတ (ဧည့်) ၀၀၀၃၈၄) နှင့် ဦးကြည့်အောင် (၇/ဒဥန (နိုင်) ၀၈၈၉၄၁) + ဒေါ်သင်းသင်းလှိုင် (၁၂/ဒပန(နိုင်)၀၃၉၂၁၀) တို့မှ အမည်ပေါက် ဦးအုန်းကြိုင် (ABN-041595) ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ယနေ့ထိတိုင် လက်ရှိပိုင်ဆိုင်နေထိုင်ခဲ့ကြပါသည်။

သို့ပါ၍ အဆိုပါအိမ်ခြံမြေများနှင့် ပတ်သက်၍ မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် အမည်ပေါက် ဦးအုန်းကြိုင် (ABN-041595)၊ ၎င်းနှင့် သက်ဆိုင်သူများမှ ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် (၇) ရက် ပြည့်မြောက်သည့်ရက်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈) (LL.B, D.B.L)**
**အမှတ်- ၅၈၁၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ် (၁၆-ခ/၁၆-ဃ) ခဲစင်း/၊ မြို့ပတ်လမ်း(၈)လမ်း သွားအရှေ့ဘက်၊ ရွှေကြက်ယက် ဘုရားအနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းထင် ၉/မရမ(နိုင်)၀၂၁၇၁၈ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ်(၂၆ˢ)၊ စပါယ်တပ်အကွက်၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ(၀.၁၄၃) ဧကရှိ မြေကွက်အား ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် ထရန်းနား- ဒေါ်သန်း အမည်မှ ဒေါ်ကျင်ရီ(ခ) ဒေါ်ကျင်ထွေး၊ ဦးထင်သော်ဇင်၊ ဦးတင်ကျော်လွင်၊ ဒေါ်ဥမ္မာကြည်၊ ဦးထက်ဝေ၊ ဒေါ်ဖြိုးအိသန္တာ၊ ဒေါ်ယုဝါခိုင်အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် မည်သူမဆို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့မတိုင်မီ ရက်ပေါင်း (၃၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်း ဦးစီးဌာန၊ ကျိုက်ထိုမြို့**

## ဖခင် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မင်းမြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း(မန္တလေး) Grade.12မှ မပန်းသံစဉ် ၏ ဖခင် ဦးခင်မောင်သိန်း ၏ အမည်မှန်မှာ ဦးကျော်ဇင်လင်း(၉/မထလ(နိုင်)၂၅၁၆၁၆) ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်လင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သာသနာ့မဏ္ဍိုင်လမ်း၊ မြေကွက်အမှတ် (၉)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(ခ/၂၅)၊ ဧရိယာ(၀.၀၅၅)ကေ အကျယ်ရှိ ဦးတူး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁) ဦးကိုကိုယု (ဘ) ဦးထွန်းလှ (၁၂/သလန(နိုင်)၀၀၁၂၁၆)၊ (၂) ဒေါ်သဲနုဆွေ (ဘ) ဦးထွန်းလှ (၁၂/သလန(နိုင်)၀၇၁၀၆၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသန့် (ဘ) ဦးရဲညွန့် (၁၂/မရက(နိုင်)၁၂၁၃၇၆) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)** | **(LL.B,DIPL) (စဉ်-၁၈၇၂၆)** | **(LL.B,DBL)(စဉ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## အသိပေးအကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၉၀၀)၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၊ အမှတ်(၉၀၀)၊ ကနောင်မင်းသားကြီးလမ်း၊ (၈၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုလည်းခေါ်တွင်သော မြေကွက်နှင့် နေအိမ်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိမ့်စပါယ်တိုး (MTNT-၀၁၃၃၇၆)(၁၂/ကမတ(နိုင်)၀၁၄၉၂၈) အမည် ဖြင့်မှတ်သားထားရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါအိမ်ခြံမြေကို တရားဝင်အမည်ပြောင်း ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ဆက်သွယ်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြား အသိပေးတောင်းဆိုအပ်ပါသည်။ လူကြီးမင်းအား ဆက်သွယ်ရာတွင်လည်း ဆက်သွယ်ရာဖွေ၍မရရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင်ကြေညာရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၀၀၀၅၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၉၂၂)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ ဒေါ်မြမြတင် (၁၂/ဗတထ(နိုင်) ၀၃၁၄၃၀)နှင့် ဦးဇော်ဝင်းထွန်း (၁၂/ဗတထ(နိုင်)၀၀၁၀၉၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်အောင်မြင့် (၁၂/အလန(နိုင်)၀၃၀၄၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ညို(၁၂/ကတန(နိုင်)၀၉၅၈၀၃) က ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ညို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးနိုင် LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)**
**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀ ၂၉၀ ၇၈၁၊ ၀၉-၇၉၅ ၆၃၁ ၉၀၀**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/ G-20 (Lot1): Hardware Requirement for MIS Reporting System အတွက် အသုံးပြုသည့် Virtualization License (၁) နှစ် သက်တမ်းတိုးခြင်းအိတ်ဖွင့်တင်ဒါ၊ CBM/G-15: Hardware Requirement for HR Application System အတွက်အသုံးပြုသည့် Server Node (၄) လုံးနှင့် Virtualization License များအတွက် License (၁)နှစ်သက်တမ်းတိုးခြင်း အိတ်ဖွင့်တင်ဒါနှင့် Thomson Reuters System အတွက် အသုံးပြုလျက်ရှိသော Server (၆) လုံး၏ Hardware Warranty License (၁)နှစ် သက်တမ်းတိုးခြင်းအတွက် အိတ်ဖွင့်တင်ဒါတို့အား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၃၀-၇-၂၀၂၆) ရက်မှ (၇-၈-၂၀၂၆) ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၃-၈-၂၀၂၆) ရက်၊ နံနက် (၁၁:၀၀) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အားတင်ဒါအာမခံကြေးအဖြစ် (၃)လ သက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအား ငွေသား (သို့မဟုတ်) PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ (လုံးဝ) လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန Infrastructure Maintenance Section ၏ ဖုန်း-၀၁-၉၅၅၅၅၃၀ နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၅၄၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်သန်းသန်းလွင် ၁၂/ကမတ(နိုင်) ၀၀၉၅၉၂ မှ မြေငှားစာချုပ်၊ အရောင်းအဝယ်စာချုပ်အမှတ် (၁၆၂/၂၀၂၄) (မိတ္တူမှန်)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ရီရီထွန်း (ဘ) ဦးထွန်းအောင်ကျော် ၉/မခန(နိုင်)၁၆၃၉၉၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁) တိုက် (၁၇)၊ အခန်း(၂၀၃) အမည်ပေါက် ဦးအေးလွင်(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းမြင့်မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book စာအုပ်အား ကိုယ်စားထုတ်ယူခွင့်ပြုပါရန် ကျမ်းကျိန်လွှာ၊ တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများ တင်ပြလာပါသဖြင့် Owner Book ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ သုတီတာလမ်းပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၂၃) ဟုခေါ်တွင်သည့် (၇) ထပ်တိုက် အဆောက်အအုံ၏ အခန်းအကျယ်အဝန်း (၃၅ ပေ x ၂၅ ပေ)ရှိ (၇-လွှာ)၊ အခန်းအမှတ် (၂၈) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းခိုင် (၁၂/လမန(နိုင်)၀၀၂၆၈၆) မှ ၎င်းသည် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ကြောင်းဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း (၁၄/ကခန(နိုင်) ၀၉၁၇၄၄)မှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေပမာဏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် သတ်မှတ်၍ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြေညာလွှာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုဝေ (LL.B ,DBL)**
**အထက်တန်းရှေ့နေ ( စဉ် -၅၃၄၄၇)**
**အမှတ် ၄/၁၀၂၊ အေးရိပ်မွန် (၇) လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၃၈၄၄၅၄၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂၀/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်း (၂) မျိုးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 27R(LPT)MPE-HQ/26-27 | မန္တလေးတိုင်းဒေသကြီးရှိပြုပြင်ဆောက်လုပ်ရေးလုပ်ငန်း (၆)ခု | 1 Lot |
| (ခ) | အဆိုပြုလွှာ-8R/ MPE-HQ/ 26-27 | Refrigerator(2 Doors) | 2 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၃၀-၇-၂၀၂၆ ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန (နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၁၃-၈-၂၀၂၆ ရက် (၁၃:၀၀) နာရီ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆) ၊ ရတနာခန်းမ၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၃၄၁၁၁၉၃, ၀၉-၄၂၀၂၄၃၄၅၃, ၀၉-၄၄၃၂၇၅၁၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ အီး၊ မြေကွက်အမှတ် ၃၅၉၊ ၀.၀၄၅ဧက၊ မြေကွက်တည်နေရာအမှတ် (၁၁)၊ (၁၆၁)လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်သင်းသင်း(တီအမ်အီး-၀၀၄၈၄၇) ၁၂/တမန(နိုင်)၀၄၄၁၁၁ အမည်ပေါက် နှစ် (၉၀) ဂရန်မြေအားအမည်ပေါက် ဒေါ်သင်းသင်း( တီအမ်အီး-၀၀၄၈၄၇) ၁၂/တမန(နိုင်)၀၄၄၁၁၁ မှ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၁၅ ခုနှစ်တွင် SP ဦးကြည်ပေါ်မှ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ဘဏ်ချေးရန်အတွက်မြေပုံ၊ မြေရာဇဝင်မူရင်းကို လျှောက်ထားထုတ်ယူခဲ့ပြီး အဆိုပါမြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မျှ ဘဏ်ငွေမချေးဖြစ်ခဲ့ပါ၍ အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ မိမိလက်ဝယ်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်းနှင့် အဆိုပါမြေကွက်အား ၂၀၂၄ ခုနှစ်တွင် ဒေါ်သင်းသင်း၏ SP ဦးကြည်ပေါ်မှ အပိုင်ပေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ဦးကြည်ပေါ်မှ အဆိုပါအပိုင်ပေးမြေပုံကူးလျှောက်ထားခဲ့ခြင်းအား မိမိသိရှိပါကြောင်းနှင့် အပိုင်ပေးမြေပုံ၊ မြေရာဇဝင်မူရင်းအား ထုတ်ယူခဲ့ခြင်းလုံးဝမရှိပါကြောင်းနှင့် ယင်းမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၂၆-၁၁-၂၀၂၅ ရက်စွဲပါ ကျမ်းကျိန်လွှာပူးတွဲ၍ ဒေါ်သင်းသင်းမှ ၉-၁၂-၂၀၂၅ ရက်စွဲပါ စာဖြင့်လည်းကောင်း၊ ဒေါ်သင်းသင်း၏ ၂၃-၄-၂၀၂၆ ရက်စွဲပါ ကျမ်းကျိန်လွှာပူးတွဲ၍ ဒေါ်သင်းသင်းမှ ၂၉-၄-၂၀၂၆ ရက်စွဲပါ စာဖြင့်လည်းကောင်း ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်သင်းသင်းမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA – II) ကွက်ပြင် (၂)၊ ဦးပိုင် အမှတ် (၁၁၇)၊ မြေဧရိယာ (၁.၁၅) ဧကရှိ မြေယာနှင့်တကွ ၎င်းမြေယာပေါ်ရှိ နေအိမ်အဆောက်အအုံများ (အိမ်သုံးမီတာ + ရေ) တို့၏ ဆက်စပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြင်ဦးလွင်ခရိုင်ရုံး မြေငှားဂရန် အမှုတွဲအမှတ် (၁၂၃/၂၀၀၃-၂၀၀၄) နှင့် ဂရန်စာချုပ်အမှတ် (၁၄၅/၂၀၀၅-၂၀၀၆) တို့အရ ဒေါ်ရန်ဆိုဒ် (၁၃/လရန(နိုင်)၀၅၃၁၄၉) မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းကြေးငွေများအပေါ် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေယာအဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်များနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၀) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးတင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၉၁)**
**အမှတ် (AA-166)၊ မြနန္ဒာရပ်၊ လမ်းသွယ် (၈)၊**
**ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့**
**ဖုန်း ၀၉-၂၀၄၆၆၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/36873 New Zhineng 125 M/C ယာဉ် လက်ဝယ်ရှိသူ မချိုမာသင်း ၁၁/ကတလ(နိုင်)၀၀၉၀၁၄ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/40721 Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဦးရဲမင်းစိုး ၃/လဘန (နိုင်)၁၀၅၀၀၅ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၆၇၀/ပိတောက်ပင်)၊ ဦးပိုင်အမှတ် (၆၆/၁-က)၊ (၅၈/၁-က) ဧရိယာ (၀.၇၉)ဧကရှိမြေအား ဦးကျော်မြင့် သိန်းအမည်ဖြင့် မြေငှားစာချုပ်စက်မှုစီးပွား (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၆-၇-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/95437 Honda Dream 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးစောထွန်းနောင် ၃/လဘန (နိုင်) ၀၁၆၈၈၆ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/41548 Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဦးဇော်မင်း ၃/လဘန (နိုင်)၂၂၇၉၇၈ သည်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/03744 Bajaj RE (200CC) ယာဉ် လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၃/ဘအန (နိုင်) ၄၇၃၅၀၂ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်နုနုက စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ အင်ဘာလာအကွက်၊ ဦးပိုင်အမှတ်(၈၅-င)၊ ဧရိယာ(၀.၀၅၆)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်နိုင်ဦး၊ ဦးမောင်ဇော်နိုင်၊ ဦးမောင်ဇော်မြင့်၊ ဦးမောင်ဇော်ဌေး တို့ထံမှ စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- ၂၄/၂၀၂၆ အရ ဘိုးဘပိုင်အိမ်ရာမြေနှင့် နေအိမ်အား အပြီးအပိုင်လွှဲပြောင်း ရောင်းချသည့်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးအောင်ဝင်းက စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ကျောင်းတက်လမ်းအကွက်၊ ဦးပိုင်အမှတ်(၁၂၄)၊ ဧရိယာ (၀.၀၇၇)ဧကရှိ ဘိုးဘပိုင် (B)၊ မြို့မြေအား အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ ဦးဘကျော်နှင့် ဒေါ်လှနုခိုင် တို့ဖြစ်ပြီး ၎င်းတို့၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိနေထိုင်သော သားက ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂/အောင်ဇမ္ဗူ)ရှိ ဦးဝင်း (ဘ) ဦးကြည်မောင် ၉/ပမန(နိုင်)၂၀၇၃၅၃ (ပါ) ၅- ဦး (ဦးဝင်း၊ ဦးထိန်လင်း၊ ဒေါ်ဇင်မာဦး၊ ဒေါ်ဇင်မာဝင်း၊ ဒေါ်ခင်သိန်းမြင့်) အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (၉၉၊ ၁၀၀၊၁၀၁)၊ ဧရိယာ (၀.၀၅၉) ဧကအား အမည်ပေါက်သူများမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မွှေးမွှေး (ခ) ဒေါ်မူမူဝင်း (ဘ) ဦးစံရင် ၁၂/ပဇတ(နိုင်)၀၁၂၈၆၉ ၊ ဦးဖြိုးဇေဦး (ဘ) ဦးမြင့်စိန် ၁၂/ပဇတ (နိုင်)၀၃၂၂၁၅ တို့နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂A, ၁၂B, ၆၉, ၇၃ – ကမာရွတ်)၊ မြေကွက်အမှတ် (၁၆၅)၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်း(၃၀ပေ x ၈၀ပေ)၊ (၂၄၀၀ စတုရန်းပေ)ရှိ နှစ် (၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြို့ မြေစာရင်းတွင် မိမိ၏ဖခင်ဖြစ်သူ ဦးကျော်စိန် (၁၂/လမန(နိုင်)၀၉၃၆၇၄)တရားဝင် အမည်ပေါက်မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမိမိ၏ဖခင်ဖြစ်သူ ဦးကျော်စိန် အမည်ပေါက်ပိုင်ဆိုင်သော အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်သည့် နှစ် (၆၀) မြေငှားဂရန်မူရင်းမှာ နေအိမ်တွင်သိမ်းဆည်းထားရာမှ အထားအသို မှားယွင်းကာ ပျောက်ဆုံးနေပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား ဂရန်မူရင်းဖြင့်လည်းကောင်း၊ မိတ္တူဖြင့်လည်းကောင်း အရောင်းအဝယ်ပြုလုပ်ခြင်း၊ အပေါင်ခံခြင်း၊ ငှားယူခြင်း၊ အလဲအလှယ်ပြုလုပ်ခြင်း၊ ပေးကမ်းခြင်းအပြင် အခြားမည်သည့်ကိစ္စများကိုမှ ပြုလုပ်ဆောင်ရွက်ခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းလှိုင် (၁၂/လမန(နိုင်)၀၉၂၇၉၉)**
**အမှတ် (၁၄၅)၊ ဘုရင့်နောင်လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကမ္ဘာ့ဌာန်းကျောင်းလမ်း၊ အမှတ် – ၁၃ (အက်ဖ် – F)၊ ကွင်းအမည် -ရွာမကွင်း၊ ဦးပိုင်အမှတ် – ၁၃၊ အကျယ်အဝန်းအားဖြင့် (တောင်- ၂၈ ပေ၊ မြောက်- ၆၀ ပေ၊ အရှေ့- ၃၆ ပေ၊ အနောက်- ၅၀ပေ) ရှိမြေကွက်နှင့်၎င်းမြေကွက်ပေါ်/အောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားလုံးသည် ဥပဒေအရ တရားဝင်ပိုင်ဆိုင်သူ ဦးအောင်ဝင်း (ဘ)ဦးဝင်းမောင် (၆/လလန(နိုင်)၀၇၉၇၈၁)သည် မိမိတစ်ဦးတည်းသာ ဥပဒေအရ ပိုင်ဆိုင်သည့်အတွက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပြဿနာအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဖိုးလျံနီး (ဘ)ဦးရှိဇီးကာ(၅/ကလထ(နိုင်)၁၀၈၁၉၆)သည် ဤမြေကွက်အား ဝယ်ယူရန်သဘောတူခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ပိုင်းကိုပါ ပေးချေထားပြီးဖြစ်သည့် "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ကိုပါ ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အကျိုးသက်ဆိုင်သူ- မည်သူမဆို ခိုင်လုံသောမူရင်းအထောက်ထားများနှင့်တကွ ကျွန်ုပ်ထံ (သို့မဟုတ်) ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပြီးပါက ဤမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်၍ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ – |
|---|---|
| ဒေါ်ဇာဖိုးလျံနီး (ဘ) ဦးရှိဇီးကာ | ဒေါ်နွယ်နီအောင် |
| ၅/ကလထ(နိုင်)၁၀၈၁၉၆ | တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၉၅၉)၊ |
| | (LL.B, D.B.L, D.I.L, D.M.L, D.I.P.L, DIR) |
| | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | ဖုန်း – ၀၉-၅၀၀၁၁၀၈၊ ၀၉-၂၆၃၁၃၀၆၁၆ |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

